ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့ (19-8-2008) (၅၇၇၅)

ပတိရူပ ဒေသဝါသောစ တေံ မင်္ဂလ မုတ္တမံ

သင့်တင့်လျောက်ပတ်သော အရပ်၌ နေခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် အောင်လံမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှု

ကြာခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ဥသျှစ်ပင်ဘူတာရထားလမ်းပိုင်းကိုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၈

မကွေးတိုင်း အောင်လံမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် သည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ လိုက်ပါလျက် ဩဂုတ် ၁၆ရက် နံနက် ၈နာရီတွင် အောင်လံမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် အောင်လံမြို့ရှိ အောင်မြေရွှေဝါခန်းမသို့ ရောက်ရှိပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် အောင်လံမြို့ အင်ကုန်းရွာရှိ တောင်သူ ဦးဇော်ထက်အောင်၏ ကွင်းအမှတ်(၈၇)သို့ရောက်ရှိကာ စိုက်ဧကငါးဧကအတွင်း ငွေချည်(၆)ချည်မျှင်ရှည်ဝါသားခွဲ၊ ပေါင်းရှင်း၊ ကြားလိုက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် အောင်လံမြို့နယ် ဒုရင်္ဂဗိုလ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ မြစ်ရေတင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အောင်လံမြို့နယ်တွင် ၂၀၀၈-၂၀၀၉ ခုနှစ် အတွင်း ဝါသီးနှံ ဧက ၂၇၆၀၀ စိုက်ပျိုးရန် လျာထားသည့် အနက် ၉၅၈၃ဧက၊ သရက်ခရိုင်တွင် ဧက ၁၁၄၈၀၀ လျာထားသည့် အနက် ၄၄၆၁၈ဧကနှင့် မကွေးတိုင်းတွင် ၃၃၀၈၆၈ ဧက လျာထားသည့်အနက်၁၁၅၈၁၈ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် အောင်လံမြို့နယ် ဒုရင်္ဂဗိုလ်ရှိ ရေအရင်းအမြစ် **စာမျက်နှာ ၈ ကော်လံ ၁ သို့**✧

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror ယနေ့ သတင်း၊ ဆောင်းပါးအညွှန်း

❁ လူဖန်တီးသည့် အကြီးဆုံးကျွန်းစုကြီး (သတင်း) စာမျက်နှာ - ၅
❁ ဒေါက်တာကံညွန့်၏ "မျက်စိအလင်းကုသိုလ်ရှင်များအား ဂုဏ်ပြုပါသည်" (ဆောင်းပါး) စာမျက်နှာ - ၆
❁ ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲသတင်းများ စာမျက်နှာ - ၁၂
❁ ပူထရာဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာအသင်း ထွက်ခွာ (သတင်း) စာမျက်နှာ - ၁၂

မာဒေးကားဖလား သဲသောင်ပြင်ဘောလုံးပြိုင်ပွဲ မြန်မာအသင်း ပါဝင်ယှဉ်ပြိုင်ရန် ၁၀ဦးရွေးချယ်

ရန်ကုန် ဩဂုတ် ၁၈

မြန်မာ့လက်ရွေးစင် သဲသောင်ပြင်ဘောလုံးသမားများ လေ့ကျင့်နေစဉ်။ (ကြေးမုံ)

မလေးရှားနိုင်ငံ၌ ဩဂုတ် ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် မာဒေးကားဖလား သဲသောင်ပြင်ဘောလုံးပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းသည် ဇူလိုင်နောက်ဆုံးပတ်မှစ၍ ပဏာမကစားသမား ၁၇ဦးဖြင့် စတင်လေ့ကျင့်ပြင်ဆင်ခဲ့ပြီး ယခုအခါအပြီးသတ် ၁၀ဦးကို ရွေးချယ်လိုက်ပြီဖြစ်သည်။အသင်းတွင်နည်းပြအဖြစ် လက်ရွေးစင် ဘောလုံးသမားဟောင်း **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❍

ကြေးမုံ The Mirror
၁၉-၈-၂၀၀၈
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြို့ပြကျေးရွာများ အရှိန်အဟုန်မြင့် တည်ဆောက် စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရက လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ပံ့ပိုးဖြည့်ဆည်းပေးနေသည်။ စေတနာရှင်၊ အလှူရှင်များကလည်း ပူးပေါင်းပါဝင်ကူညီလျက်ရှိရာ အဆိုပါဒေသများရှိ ပြည်သူများ၏ နေထိုင်ရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးတို့တွင် အခြေအနေကောင်းများရရှိနေကြောင်း တွေ့မြင်ရသည်။

ကွမ်းခြံကုန်း၊ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ နယ်မြေတစ်ခွင်တွင် ကျေးလက်ဖွံ့ဖြိုးရေးလမ်းများ တိုးချဲ့ဖောက်လုပ်နေသည်။ ဒေးဒရဲ-ဖျာပုံလမ်းပိုင်း၊ ဖျာပုံ-ဘိုကလေး လမ်းပိုင်းနှင့် ဖျာပုံ-ကျိုက်လတ်လမ်းပိုင်းရှိ လမ်း၊ တံတားများ ကောင်းမွန်ကြံ့ခိုင်ရေး အလျင်အမြန်ပြုပြင်ဆောင်ရွက်ပေးလျက်ရှိသည်။

သက်ဆိုင်ရာမြို့နယ်များအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ အချို့ကျေးရွာများတွင် ကျေးလက်အိမ်ရာများ ရာခိုင်နှုန်းပြည့်တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းခွင် ဝင်လျက်ရှိနေကြပြီ။ မိုးစပါးမျိုးများ၊ လက်တွန်းထွန်စက်များ၊ စက်သုံးဆီများ ရရှိမြန်ဝေသုံးစွဲနိုင်မှုအရ မိုးစပါးလျာထားချက်ထက်ကျော်လွန်၍ပင် စိုက်ပျိုးပြီးစီးလျက်ရှိသည်။

အချို့မြို့နယ်တို့တွင် ငါးဖမ်းစက်လှေ၊ ငါးဖမ်းပိုက်မျိုးစုံနှင့် ငါးဖမ်းကိရိယာများကို လွှဲပြောင်းပေးအပ်ထားပြီးဖြစ်ရာ မူလရေလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်လျက်ရှိသည်။

ယခုအခါ မုန်တိုင်းသင့်ဒေသများတွင် လူနေအိမ်ရာများနှင့်အတူ စာသင်ကျောင်းများ၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းများ၊ ဆေးရုံများပြန်လည်တည်ဆောက်ခြင်း၊ အချို့ကျေးရွာများ၌တိုက်နယ်ဆေးရုံ၊ အခြေခံအလယ်တန်းကျောင်းများ အဆင့်မြှင့်တင် တည်ဆောက်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

လေဘေးသင့်ဒေသများ၏ မြို့ပြကျေးရွာပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ ပံ့ပိုးဖြည့်ဆည်းပေးမှု၊ စေတနာရှင် အလှူရှင်များ၏ ပူးပေါင်းပါဝင်ကူညီမှုတို့ဖြင့် အရှိန်အဟုန်မြင့် တည်ဆောက်ပေးလျက်ရှိရာ ဒေသခံပြည်သူများကလည်း မိမိတို့ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

၂၀၀၈ ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ်၁၆ရက်ညနေ၅နာရီတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများနှင့်ဇနီးများ၊ တပ်နယ်မှူးများနှင့်ဇနီးများက ဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြသည်များကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ တပ်နယ်မှူးများက နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုရရှိသူများနှင့် တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၀၈ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒိုင်းဘောလုံးပြိုင်ပွဲကို ဇူလိုင်၁၆ ရက်မှ ဩဂုတ် ၁၆ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင် အသင်းပေါင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ၂၀၀၈ခုနှစ် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဒိုင်းဘောလုံးပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲသွားသော အသင်းအား တံခွန်စိုက်ဒိုင်းဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား FAO ဌာနေကိုယ်စားလှယ်နှင့် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးတို့ လာရောက်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)မှ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Dr. Shin Imai သည် ဩဂုတ် ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး မုန်တိုင်းသင့်ဒေသများတွင် အချိန်မီထွန်ယက် မြေပြုပြင်စိုက်ပျိုးနေသည့် လုပ်ငန်းများ၌ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က လျှုဒါန်းမည့် ဒီဇယ်ဆီဂါလန်ခြောက်သောင်း ဖြန့်ဖြူးရေးကိစ္စများကို ဆွေးနွေးကြသည်။

အလားတူ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Park Key-Chong သည် ညနေ ၃ နာရီခွဲတွင် ဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး မုန်တိုင်းသင့်သည့်ဒေသများ၌ ပင်လယ်ရေကာတာများပြုပြင်မှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ဌေးဦးအား ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Dr. Shin Imai လာရောက်တွေ့ဆုံစဉ်။

(လယ်/ဆည်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ်မဏ္ဍလာကပ်ယုံကျောင်းသာသနာလင်္ကာရစာသင်တိုက်အတွင်း ဇယမေဒနီဓမ္မသိမ်တော်ကြီးအလယ်ထပ်ဆောက်လုပ်ရန် အုတ်နံရံတစ်ခန်းအတွက် ရန်ကုန်မြို့ အင်းစိန်မြို့နယ်နေ သီရိသုမင်္ဂလာဗောဓိစေတီ၊ သီဟသုမင်္ဂလာဗောဓိစေတီ ဦးဘခန့်၊ ဇနီး ဒေါ်ခင်ရွှေမိသားစုတို့ကအလှူငွေကျပ် ကိုးသိန်းကို ကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တကေတု (မဟာဂန္ထဝါစကပဏ္ဍိတ)ထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မဟိုးရိမ်ကျောင်းလမ်း လမ်းသွယ်(၄)နေ မဝင့်ဖူးငုံ၏ (၅)နှစ်ပြည့်မွေးနေ့နှင့် မနှင်းဖူးပွင့်၏ (၃)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သာကေတမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှု သမဝါယမ အသင်းလီမိတက်သူနာပြု(အကူ)နှင့်ဆေးဝါးကျွမ်းကျင်မှုသင်တန်း အပတ်စဉ်(၈)သင်တန်းဆင်းပွဲနှင့် အပတ်စဉ်(၉) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်၁၆ရက်က ချင်းတွင်း ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းခန်းမ၌ ကျင်းပရာ သာကေတမြို့နယ် သမဝါယမဦးစီးမှူးဒေါ်မေရီညွန့်က ပထမဆုရသူ မဇင်မာလွင်အား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ရောဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများအတွက် ပို့ဆောင်မည့်လက်တွန်းထွန်စက်များ မောင်မြန်မာ (၆) ရေယာဉ်ပေါ်သို့ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပုသိမ်မြို့ ငွေဆောင်ဇက်ဆိပ်၌ လက်တွန်းထွန်စက်များ မောင်မြန်မာ (၆) ရေယာဉ်ပေါ်သို့ တင်ဆောင်နေမှု တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၈

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေသည် ဩဂုတ် ၄ ရက် ညနေ ၃ နာရီတွင် ပုသိမ်မြို့ ငွေဆောင်ဇက်ဆိပ်၌ လပွတ္တာမြို့နယ် အတွင်းရှိ ကျေးရွာအုပ်စုများမှ လယ်မြေများမိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ပို့ဆောင်မည့် လက်တွန်း ထွန်စက်များ မောင်မြန်မာ (၆) ရေယာဉ်ပေါ်သို့ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးအား လယ်ယာလုပ်ငန်းခွင်များ ကူညီဆောင်ရွက်ပေးရေးအဖွဲ့ ခေါင်းဆောင် ပုသိမ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်အေးက ပုသိမ်၊ သာပေါင်း၊ ကန်ကြီးထောင့်၊ ရေကြည်နှင့်ကျောင်းကုန်းမြို့နယ်တို့မှ လက်တွန်း ထွန်စက် အစီး ၂၉၀ နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များက လပွတ္တာမြို့နယ် ရှော်ချောင်းကျေးရွာအုပ်စု၊ လွှစာကျေးရွာအုပ်စု၊ ဆားချက်အုပ်စု၊ ရေတွင်းဆိပ်အုပ်စု၊ သပြုကုန်းအုပ်စု၊ ခနိဆိပ်အုပ်စုများရှိ တောင်သူများ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေး သွားရောက်ကူညီပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများသို့ သွားရောက်ကူညီပေးကြမည့် ဌာနဆိုင်ရာနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်အင်အားမှာ ၄၉၈ ဦးရှိပြီး ယခုတင်ပို့သော လက်တွန်းထွန်စက် အစီး ၁၈၅ ကို ရှော်ချောင်း ကျေးရွာအုပ်စုသို့ ၄၃ စီး၊ လွှစာကျေးရွာအုပ်စုသို့ ၅၅ စီး၊ သပြုကုန်းကျေးရွာအုပ်စုသို့ အစီး ၅၀၊ ခနိဆိပ်ကျေးရွာ အုပ်စုသို့ ၃၇ စီး ပို့ဆောင်ပေးမည်ဖြစ်သည်။

မြောင်းမြခရိုင် မြောင်းမြ၊ ဝါးခယ်မ၊ အိမ်မဲမြို့နယ်များမှ လက်တွန်းထွန်စက်အစီး ၃၀၀ ကို ဩဂုတ် ၄ ရက်တွင် လပွတ္တာမြို့နယ် အလယ်ရေကျော်ကျေးရွာအုပ်စုနှင့် ရေတွင်းကုန်းကျေးရွာအုပ်စုများသို့ အစီး ၁၀၀၊ လှိုင်းဘုန်းကျေးရွာအုပ်စုသို့ အစီး ၁၀၀၊ စလူဆိပ်ကျေးရွာအုပ်စုသို့ အစီး ၁၀၀ ပို့ဆောင်သည်။ မအူပင်ခရိုင် မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူမြို့နယ်များမှ လက်တွန်းထွန်စက်အစီး ၂၀၀ ကို ဩဂုတ် ၅ ရက်တွင် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီး ကျေးရွာအုပ်စုသို့ အစီး ၁၀၀၊ ကျွန်းသာယာကျေးရွာအုပ်စုသို့ အစီး ၁၀၀ ပို့ဆောင်ကာ ဩဂုတ် ၇ ရက်တွင် စိုက်ကြပ်အဖွဲ့များဖြင့် သက်ဆိုင်ရာကျေးရွာများသို့ ကွင်းဆင်း ထွန်ယက်စိုက်ပျိုးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ဩဂုတ် ၇ ရက်က ရောဝတီ တိုင်း အမျိုးသမီးရေးရာ အဖွဲ့က ကြီးမှူးကျင်းပသော ဗုဒ္ဓ ဒေသနာတော် (ဥပ္ပါတသန္တိသုတ်) ရွတ်ဆိုပူဇော်မှု အကောင်းဆုံးရွေးချယ်ပွဲ ဆုချီးမြှင့်ပွဲတွင် ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ဝင်းဝင်းမော် ဆုရအသင်းများအား ဆုပေးအပ်စဉ်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ရန်ကုန်တိုင်းအတွင်း ဖောက်ထွင်းခိုးယူခံရသည့်အမှုများမှ သိမ်းဆည်းရမိ သက်သေခံပစ္စည်းများ မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်းအတွင်း ဖြစ်ပွားခဲ့သော ခိုးမှုများမှ တရားခံများကို ဖမ်းဆီး ဖော်ထုတ်နိုင်ရေးအတွက် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ ခိုးမှုဖြစ်ပွားနိုင်သည့် နေရာများ၌ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်၍ ဖမ်းဆီးမှု ပြုလုပ်ခဲ့ရာ ဇူလိုင် ၁၁ ရက်တွင် ဖောက်ထွင်းမှု ကျူးလွန်သူအောင်ခင် (ခ)သိန်းဇော် (၆၀)နှစ်၊ (ဘ)ဦးမောင်စိန် ချယ်ရီလမ်း (၃)ရပ်ကွက် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်နေသူအား သက်သေခံပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသူ ဖောက်ထွင်းတရားခံ အောင်ခင်(ခ)သိန်းဇော်မှာ ရန်ကုန်တိုင်းအတွင်း မြို့နယ် ၁၃ မြို့နယ်၌ ဖောက်ထွင်းမှု ၄၂ မှု ကျူးလွန်ခဲ့ပြီး သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်း၍ မူလပိုင်ရှင်များထံ ပေးအပ်ပွဲကို ဩဂုတ် ၁၄ရက် မွန်းလွဲ ၂ နာရီက ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်က အမှာစကား ပြောကြားပြီး သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများကို တိုင်းရဲတပ်ဖွဲ့မှူး၊ တိုင်းဥပဒေ အရာရှိ၊ ဒုတိယ တိုင်းရဲတပ်ဖွဲ့မှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့က မူလပစ္စည်းပိုင်ရှင် တစ်ဦးချင်းထံ ပြန်လည်ပေးအပ်သည်။ **(ဝဲပုံ)**

ဆက်လက်၍ ပစ္စည်းပိုင်ရှင်များ ကိုယ်စား ပစ္စည်းပိုင်ရှင်တာမွေမြို့နယ် (၁၆၄)လမ်းနေ ဒေါ်သန်းရီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဩဂုတ်၁၄ရက်က ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှ မူလပစ္စည်းပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခဲ့သော အမှု ၂၅ မှုမှ ပစ္စည်းများမှာ ရွှေနှစ်ပိဿာ၊ ၃၇ ကျပ်သား၊ နှစ်ရွေး၊ စိန်အကြီး သုံးပွင့်၊ အသေး ၂၆ ပွင့်၊ နာရီခြောက် လုံး၊ စိန်နားကွင်းတစ်ရံ၊ လော်ကက် တစ်ခု၊ စိန်ဟန်းချိန်းတစ်ခု၊ ပတ္တမြားဆွဲသီး တစ်ခု၊ အမေရိကန်ဒေါ်လာ ၂၆၀၀၊ FEC ၃၀၀၊ ယူရို ၁၈၅၊ ယွမ် ၃၅၀၀၀ တို့ဖြစ်ပြီး တန်ဖိုးမှာ ငွေကျပ် ၁၆၃၂ သိန်းကျော်ခန့် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ညောင်ကန်အေး သာသနာ့ရိပ်သာ အမျိုးသမီးယောဂီဆောင်အတွက် ငွေလှူ

ရန်ကုန် ဩဂုတ် ၁၈

မဟာစည်ဩဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ၌ ဆောက်လုပ်မည့် လေးထပ်သတိပဋ္ဌာန်အေး အမျိုးသမီးယောဂီဆောင်အတွက် အလှူငွေများ လှူဒါန်းလျက်ရှိရာ ဦးကြီးရွှေ-ဒေါ်ခင်လှ မိသားစု (နောင်ဘို)က ငွေကျပ် ၁၀၀၀၀၀၊ ကွယ်လွန်သူ ဦးကံပိုင်အား ရည်စူး၍ မိခင်ဒေါ်လှဆိုင်အား အမှူးထား၍ သားဦးတင်မောင်စိုး မိသားစုက ငွေကျပ် ၂၀၀၀၀၀၊ ကွယ်လွန်သူ ဦးကံပိုင် အား ရည်စူး၍ မိခင် ဒေါ်လှဆိုင်အား အမှူးထား၍ သမီး ဒေါ်ခင်မာရီက ငွေကျပ် ၂၀၀၀၀၀၊ ဦးအောင်သောင်း-ဒေါ်ခင်သက်ထား မိသားစု အောင်သိဒ္ဓိလမ်း မရမ်းကုန်းက ငွေကျပ် ၁၀၀၀၀၀၊ ဦးမြသိန်း-ဒေါ်စန်းရင် အမှူးထား၍ မရင်ရင်သန့် ကောင်းမှုအဖြစ် ငွေကျပ် ၁၀၀၀၀၀၊ ဦးအောင်သိန်းအား ရည်စူး၍ ဒေါ်အေးတင် မိသားစု ရွက်လှလမ်း အနောက်ကြို့ကုန်း အင်းစိန်ကငွေကျပ် ၂၀၀၀၀၀၊ ဒေါ်အုန်းပွင့် မိသားစု စိမ်းလဲ့ရိပ်သာ ကုက္ကိုင်းက ငွေကျပ်၄၀၀၀၀၀၊ ဒုတိယ ဗိုလ်မှူးကြီး အောင်မျိုးအေး-ဒေါ်သန်းသန်းဌေးမိသားစု (တောင်ငူ)က ငွေကျပ် ၃၀၀၀၀၀၊ ဦးဝင်းမြင့်-ဒေါက်တာချိုချိုသန့်၊ သား ဒေါက်တာ အောင်နိုင်ဝင်း၊ သမီး ဒေါက်တာ ဇာခြည်ဝင်း အလုံလမ်း အလုံမြို့နယ်က ငွေကျပ် ၂၀၀၀၀၀၊ ဒေါ်ရီသက် မိသားစု ကြို့ကုန်းရိပ်သာ အင်းစိန်က ငွေကျပ် ၁၀၀၀၀၀၊ အဘွား ဒေါ်လှကြိုင် မိသားစု ရွာမကျောင်းလမ်း လှိုင်မြို့နယ်က ငွေကျပ် ၅၀၀၀၀၀၊ ကွယ်လွန်သူ ဒေါ်တင်ရီအား ရည်စူး၍ ဦးမြင့်ဟန်နှင့် သား၊ သမီး၊ မြေးများ ၂လမ်း လမ်းမတော်မြို့နယ်က ငွေကျပ် ၂၀၀၀၀၀၊ ဦးမြင့်သန်း-ဒေါ်ခင်ရီ (မြကန်သာဆေးတိုက်မိသားစု)က ငွေကျပ် ၁၀၀၀၀၀၊ ဒေါ်ရှုခင် ယောမင်းကြီးလမ်း ဒဂုံမြို့နယ်က ငွေကျပ် ၁၀၀၀၀၀၊ ဗီယက်နမ် ဆရာလေး ဒေါ်ဓမ္မနန္ဒီ Dhamma Friends က အမေရိကန်ဒေါ်လာ ၅၀၀ နှင့် ဒေါ်တင်ညိုနှင့် ညောင်ကန်အေးဥပုသ်သည်အဖွဲ့က ငွေကျပ် ၅၁၀၀၀၀ ပေးအပ်လှူဒါန်းကြသည်။ (ကြေးမုံ)

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေထံ ဩဂုတ် ၉ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် အောင်သပြေလမ်း၊ တိုက်(၁) အခန်း(၂)နေ ဒုတိယဗိုလ်မှူးကြီး မျိုးဝင်း(ငြိမ်း)ဒေါ်တင်တင်ZULEX မိသားစု၊B-L MEDIA Co.,Ltd က ငွေကျပ်၄၂သိန်းတန်ဖိုးရှိ အမျိုးသား၊အမျိုးသမီးဝတ်ရုပ်အင်္ကျီအရွယ်စုံအထည် ၁၀၀၀ကို မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန(ရုံးချုပ်)မေခလာခန်းမ၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မုန်တိုင်းသင့်ပြည်သူများအတွက်အလှူငွေများဆက်လက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၈

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေကလက်ခံသည်။

လှူဒါန်း

ဩဂုတ် ၁၄ရက်တွင် မြစ်သားချည်မျှင်စက်ရုံ စီမံကိန်း ဝန်ထမ်းများက ငွေကျပ် တစ်သိန်း၊ ဩဂုတ် ၁၅ရက်တွင် Mr.Loh Chau Hzan, Malaysia က ငွေကျပ် ၁၁၉၀၀၀၊ Mrs.ONG Lomon, son Mr. TAN Tek Lin, Paris, France တို့က လူနေအိမ်နှစ်လုံးအတွက် ငွေကျပ် ၁၂သိန်း၊ ဩဂုတ် ၁၆ရက်တွင် ဖခင် ဦးလူကလေးနှင့် မိခင်ဒေါ်ခင်သီတို့အား ရည်စူး၍ သား၊ သမီးများ၊ မြေး ခိုင်ခိုင်၊ မောင်မောင်၊ ကျော်ဖြိုး ဗိုလ်တထောင်မြို့နယ်က လူနေအိမ်တစ်လုံးအတွက် ငွေကျပ်ခြောက်သိန်း၊ ဖခင်ဦးအောင်သိန်း၊ မိခင်ဒေါ်စုစုတို့အား ရည်စူး၍ သားသမီး၊ မြေးများ ဗိုလ်တထောင်မြို့နယ်က လူနေအိမ်တစ်လုံးအတွက် ငွေကျပ်ခြောက်သိန်း၊ ဩဂုတ် ၁၇ရက်တွင် (ဦးသိန်း)နှင့် ဒေါ်အေးမြင့် (၈၃)နှစ်မြောက် မွေးနေ့ အလှူ လမ်းမတော်မြို့နယ်က လူနေအိမ်တစ်လုံးနှင့် ဓာတ်မြေဩဇာ တစ်အိတ်အတွက်ငွေကျပ် ၆၁၈၀၀၀၊ ဩဂုတ် ၁၈ရက်တွင် လှူဒါန်းသော အလှူရှင်များမှာ Embassy of the Union of Myanmar, Singapore က စင်ကာပူဒေါ်လာ ၂၀၁၉ ဒသမ ၃၅ တို့ဖြစ်သည်။

ဩဂုတ် ၁၄ရက်မှ ၁၈ရက်ထိ လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ်၃၂၃၇၀၀၀နှင့် စင်ကာပူဒေါ်လာ ၂၀၁၉ ဒသမ ၃၅ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ကြီးအား ရွှေစင်ရွှေပြား ရွှေသက်န်းတော်များ ကပ်လှူရန် အလှူတော် ငွေကျပ် တစ်သိန်းကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၄၁)လမ်းနေ ဒေါ်ခင်ဥ မိသားစုက တာဝန်ခံအလှည့်ကျ ဂေါပက ဦးလှထွန်း၊ အလှည့်ကျ ဂေါပကအဖွဲ့ဝင် ဦးခင်ဆွေနှင့် ဦးစန်ဝင်းတို့ထံ ဩဂုတ် ၁၀ရက်က ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၂၃ရက်(စနေနေ့)နံနက်၉နာရီခွဲမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ Function Hall ၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများအနေဖြင့်MGSအသင်းရုံးခန်း ဖုန်း၅၁၉၆၇၆ လိုင်းခွဲ(၅၀၁)၊ ဦးကြိုင်စိန် ဖုန်း-၂၂၅၅၆၉၊ ၀၉၂၀၄၂၀၅၄၊ ဦးသန်းထွန်း ဖုန်း-၀၉ ၅၁၅၁၃၀၉၊ ဦးရီစိန် ဖုန်း-၃၈၇၂၀၅၊၀၉၅၀-၄၀၄၁၁၊ ဒေါက်တာဇော်ဝင်း ဖုန်း-၅၃၄၅၀၉နှင့် ဒေါက်တာတင်ဌေးမူ ဖုန်း-၆၆၀၆၃၁၊ ၀၉ ၅၁၅၃၄၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်နှင့် ဦးသောင်းတင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ဖိတ်ကြားထားသော ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များအား ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန Community Development Department မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Sanchai INWANG ခေါင်းဆောင်၍ Community Development Administrator သင်တန်းသို့တက်ရောက်နေသည့်သင်တန်းသားများနှင့်အစိုးရဝန်ထမ်းများ စုစုပေါင်း ၆၈ဦးတို့ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၇ရက်တွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြသည်။ (သတင်းစဉ်)

သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို) ဆေးပညာဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)ကကြီးမှူး၍ သွားနှင့်ခံတွင်းဆေးပညာ စဉ်ဆက်မပြတ်တိုးတက်ရေး CDE အစီအစဉ်အရ New Era of Endodontic Technology for the general practice (Endo Rez) ခေါင်းစဉ်ဖြင့် သွားဘက်ဆိုင်ရာ ဆေးပညာဟောပြောပွဲကို ဩဂုတ် ၂၃ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကုန်သည်ကြီးများဟိုတယ် Ball Room ၌ကျင်းပမည်ဖြစ်သည်။ Ultradent Inc-Win Pharmacy Group, Myanmar ၏ပံ့ပိုးကူညီမှုဖြင့်ပြုလုပ်သော အဆိုပါဟောပြောဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူအသင်းသားဆရာဝန်တိုင်း တက်ရောက်နိုင်ကြပြီး အသေးစိတ်သိလိုပါက ဖုန်း-၀၉၅၁၃၀၂၆၅နှင့် ၀၉၅၁၂၉၃၅၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (ဆရာဝန်အသင်း)

အထက(၂)လသာ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပရေး အစည်းအဝေး

ရန်ကုန် ဩဂုတ် ၁၈

အထက(၂)လသာတွင် ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)နှင့်အထက် အငြိမ်းစား ဆရာမကြီးများအား ပူဇော်ကန်တော့ရန် ပထမအကြိမ် အစည်းအဝေးကို ဩဂုတ် ၃၁ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါကျောင်း မြညီလာခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသူဟောင်းများအားလုံး (၁၉၆၅-၂၀၀၈)မပျက်မကွက် တက်ရောက်ကြပါရန်ဖိတ်ကြားထားသည်။ အသေးစိတ်သိလိုပါက ဒေါ်ဘက်တီညွန့် ဖုန်း-၀၉၅၀၀၈၂၆၁၊ဒေါ်ဒေါ်ရစ်အုန်း ဖုန်း-၀၉၅၀၀၈၂၆၅၊ ဒေါ်သီတာလူ ဖုန်း-၀၉၅၁၄၂၂၅၈၊ ဒေါ်ခွာညိုအောင် ဖုန်း-၀၉၅၁၅၆၅၇၃၊ ဒေါ်တင်မိုးနိုင် ဖုန်း-၅၁၀၉၇၅၊ဒေါ်ပိုနွဲ့အေး ဖုန်း-၀၉၅၀၅၄၄၇၂နှင့် ဒေါ်ဝိုင်းနန္ဒာကျော် ဖုန်း-၀၉၅၁၄၁၂၂၅ တို့ထံ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၅)အခြေခံပညာမူလတန်းကျောင်း၌ သောက်ရေသန့်စက်များနှင့် စတီးရေသန့်ရေချမ်းစင်များ တပ်ဆင်ရန်အတွက် ဒေါ်အေးအေးခင် LIGHT HOUSE MARINE Co.,Ltd. နှင့် B.M.F(THAILAND)တို့က အလှူငွေကျပ် ၁၂သိန်းကို ဩဂုတ် ၁၇ရက်က ကျောင်းအုပ်ဆရာကြီး ဦးသန့်ဇင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးခင်ဇော်တို့ထံပေးအပ်လှူဒါန်းစဉ်။ (၆၇)

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၈-၂၀၀၈ (အင်္ဂါနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဗုဒ္ဓ၏အကောင်းဆုံးတရား"တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
၈း၀၀ - ၂း၀၀	စဥ့်ကူးမြို့မှ အလင်းအိမ်
၈း၂၀ - ၂း၂၀	Sunday Talk
၉း၀၅ - ၃း၀၅	တေးဂီတအစီအစဉ်
၉း၁၀ - ၃း၁၀	အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်၏ တရားရှုမှတ်ခြင်းများ
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	Shopping Guide (STAR BUS Computer Sales Services & Net working)
၉း၄၅ - ၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀ - ၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅	စက်မှုဖွံ့ဖြိုးတို့တိုင်းပြည်အကျိုး [ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင်(ရှမ်းပြည်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး] [ဒါရိုက်တာ တင်အောင်ရွှေ(သုတေသီ)]
၁၀း၂၀ - ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅ - ၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ - ၄း၃၀	MRTV-4 စာအုပ်စင်ကဏ္ဍ [TRUE NEWS(သစ္စာသတင်းဂျာနယ်)နှင့် တွေ့ဆုံခြင်း]
၁၀း၅၀ - ၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅ - ၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅ - ၅း၀၅	ဘိုင်းဒါးရေလျှောင်တမံ
၁၁း၁၅ - ၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀ - ၅း၂၀	ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားရည်ထုတ်လုပ်ရေး)
၁၁း၅၀ - ၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅ - ၅း၅၅	စားချင်စဖွယ် နည်းအသွယ်သွယ် (ငါးအသားလွှာပဲငါးပိနှင့် ငါးရှဉ့်ခြောက်စပ်)
၁၂း၁၀ - ၆း၁၀	တေးဂီတအစီအစဉ်
၁၂း၂၀ - ၆း၂၀	မြွေအန္တရာယ်နှင့် မြွေအန္တရာယ်ကြောင့်ကျောက်ကပ်ပျက်စီးခြင်းကို ကာကွယ်ကုသခြင်း (ပါမောက္ခ ဒေါက်တာစောနောင်)
၁၂း၄၀ - ၆း၄၀	Music Gallery (မို့မို့ဇော်ဝင်း-နှလုံးသားမေတ္တာပန်းခင်း-၁)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

U-21 International Friendlies ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	England - Slovenia	StarSports(Live)

Beijing Olympic အားကစားပြိုင်ပွဲအစီအစဉ်များ

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၃း၃၀	Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ	MRTV-4 (Live)

နေပြည်တော် သပြေကုန်းဈေး သန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၈

နေပြည်တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းရှိန်သည် ဈေးများဌာန ဒုတိယဌာနမှူး ဦးမောင်မောင်ဆန်းလိုက်ပါလျက် နေပြည်တော်သပြေကုန်းဈေးသို့ ယနေ့ နံနက် ၉ နာရီကသွားရောက်၍ ဈေးသန့်ရှင်းရေး ပြုလုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်မြို့မဈေး၊ သရဖီဈေး၊ အင်ကြင်းဈေး၊ ကံ့ကော်ဈေး၊ စကားဝါဈေးနှင့် ဂန္ဓမာဈေးများတွင် ရေနုတ်မြောင်းများ၊ ရေဆိုးထုတ်မြောင်းများ တူးဖော်ရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ယင်များမပေါက်ပွားစေရေးအတွက် ဆေးဖျန်းရေး၊ ဈေးအိမ်သာများ သန့်ရှင်းရေး၊ အမှိုက်များ စနစ်တကျစွန့်ပစ်ရေးနှင့် သိမ်းဆည်းရေး၊ ဈေးဝယ်သူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်ရေးနှင့် ဈေးသည်များ စည်းကမ်းနှင့်အညီရောင်းချရေး၊ ဈေးစည်ကားရေးတို့အတွက် စနစ်တကျဆောင် ရွက်သွားရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၇)

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် လမ်းမတော်လမ်းနေ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီးဦးညွန့်လှိုင် [မန်နေဂျာ(ငြိမ်း)]၏ နှစ်(၇၀)ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းလွင် လက်ခံစဉ်။

(သတင်းစဉ်)

ကျိုက္ကလော့ မိုးကုတ်ရိပ်သာ တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၁၈

မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော့ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ဆရာတော် ဘဒ္ဒန္တဒေါက်တာစန္ဒာဝရာဘိဝံသ ဦးစီး၍ မိုးကုတ်ဝိပဿနာ ရှစ်ရက်တရားစခန်းပွဲကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီပုဂ္ဂိုလ်များသည် ဩဂုတ် ၃၀ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ လာရောက်ကြရန်နှင့် ဆွမ်းဆက်ကပ်လှူဒါန်းလိုသူများသည် ဖုန်း - ၀၉၈၅၈၁၆၇၅၊ ၀၉၅၁၀၅၆၆၅၊ ၆၃၅၆၃၂ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

တရားချိန်များ၌ ယောဂီဝတ်စုံကိုသာ အမြဲတမ်း ဝတ်ဆင်ကြရမည်ဖြစ်ကြောင်းနှင့် အသက် ၁၅ နှစ်နှင့် အထက်ယောဂီများကို သာလက်ခံမည်ဖြစ်ကြောင်း သိရသည်။

(၅၅၅)

အလက(၁)ဒဂုံ [ယခင် အမက(၅)ဒဂုံ] ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ ဖိတ်ကြား

ရန်ကုန် ဩဂုတ် ၁၈

အလက(၁)ဒဂုံ ယခင် အမက(၅)ဒဂုံတွင် ၁၉၈၃-၈၄ ပညာသင်နှစ်မှ ယခုအထိ ပညာသင်ကြားပေးခဲ့သော ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများအား ကျောင်းသား ကျောင်းသူဟောင်းများက အာစရိယပူဇော်ပွဲကို စက်တင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အလက(၁)ဒဂုံ နဝရတ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလက(၁)ဒဂုံ ဖုန်း-၂၅၃၄၃၄၊ ဒေါ်ခင်ထားကြူ ဖုန်း-၀၉၅၁၇၁၄၂၂၊ ဒေါ်လှလှကြည် ဖုန်း-၅၀၅၉၇၉၊ ဒေါ်လဲ့လဲ့ဝင်း ဖုန်း-၀၉၅၀၃၄၁၃၂၊ မဌေးဌေးကြွယ် ဖုန်း-၇၂၁၄၂၀၊ ဒေါ်အေးအေး ဖုန်း-၀၉၅၀၄၁၇၉၆၊ မထူးထူးလွင် ဖုန်း-၂၁၀၈၆၀၊ မောင်သူရဦး ဖုန်း-၀၉၅၁၅၁၂၁၁ တို့သို့ ဆက်သွယ်ကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံးပါဝင်ကြရန် နှိုးဆော်ထားသည်။

(ကြေးမုံ)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၁၈

မြောက်ဥက္ကလာပမြို့နယ်လုံးဆိုင်ရာ သာသနဟိတဓမ္မာရုံတော်မြတ်ကြီး၏ ဝါတွင်းဝါပ ဥပုသ်နေ့တိုင်း တရားဓမ္မအစီအစဉ်အရ နံနက် ၇ နာရီခွဲမှ ညနေ ၅ နာရီအထိ မိုးကုတ်ကမ္မဋ္ဌာနာစရိယ ဆရာတော်များက ဟောကြားပြသမည်ဖြစ်၍ မည်သူမဆို ကြွရောက်နာယူအားထုတ်နိုင်ကြကြောင်းနှင့် အမှတ်(၂)ရပ်ကွက် သီတာလမ်း မြောက်ဥက္ကလာပမြို့နယ် ဖုန်း-၆၆၁၀၅၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(၅၄၄)

ရွှေမြန်မာ မဟာစည် ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် ရွှေမြန်မာ မဟာစည် သာသနာ့ရိပ်သာကျောင်းတိုက်၌ ၁၃၇၀ ပြည့်နှစ် ဝါခေါင်လကွယ်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ (ဩဂုတ် ၃၀ ရက်မှ အောက်တိုဘာ ၁၄ အထိ) တရားအားထုတ်လိုသူများအား ကမာရွတ်လှည်းတန်းနေ ဦးခင်မောင်မြင့်-ဒေါ်အမာသီဂီကျော် မန်ကျည်းဖလိပ်မိသားစုနှင့် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနေ ဦးအောင်ကိုကို-ဒေါ်မြင့်မြင့်ဝင်း အေးကမ္ဘာမိသားစုတို့ကအာဟာရဒါနဆက်ကပ်လှူဒါန်းကြပြီး ရွှေမြန်မာဆရာတော် ဘဒ္ဒန္တဝိဇ္ဇာသိဒ္ဓိကိုယ်တိုင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ကမ္ဘာ့သာသနာပြု မဟာစည် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဝိပဿနာ အလုပ်ပေးတရား ဟောကြားမည်ဖြစ်၍ ကြွရောက် အားထုတ်ကြရန်နှင့် သုံးထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ရာတွင် တစ်ခန်းလျှင် ငွေကျပ် ငါးသိန်းဖြင့်လည်းကောင်း၊ တိုင်တစ်လုံးလျှင် ငွေကျပ်သုံးသိန်းဖြင့် လည်းကောင်း စေတနာရှင်များ လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

ဝင်ငွေတိုးပွား ကမ္ဘာလှည့်ခရီးသွား



ကမ္ဘာလှည့်ခရီးသည် အများဆုံးသွားရောက်သည့် (၁၀)နိုင်ငံ

World Tourism Organization ၏ ၂၀၀၆ ခုနှစ် စာရင်းများအရ ကမ္ဘာလှည့်ခရီးသည်များ အများဆုံးသွားရောက်လည်ပတ်သည့် ကမ္ဘာ့ (၁၀) နိုင်ငံအမည်များ ထွက်ပေါ်လာသည်။ **(အပေါ်ပုံ)**

ကမ္ဘာလှည့်ခရီးသည်များ အများဆုံးသွားရောက်လည်ပတ်ကြသည့်နိုင်ငံမှာ ပြင်သစ်နိုင်ငံဖြစ်ပြီး အဆိုပါနှစ်က ကမ္ဘာလှည့်ခရီးသည်ဦးရေ ၇၉ ဒသမ ၁ သန်းလာရောက်ခဲ့ကြသည်ဟုဆိုသည်။ ကမ္ဘာလှည့်ခရီးသွားအများဆုံးသွားရောက်သည့် (၁၀)နိုင်ငံမှာ-

၁။	ပြင်သစ်	၇၉ ဒသမ ၁ သန်း	၆။	ယူကေ	၃၀ ဒသမ ၁ သန်း
၂။	စပိန်	၅၈ ဒသမ ၅ သန်း	၇။	ဂျာမနီ	၂၃ ဒသမ ၆ သန်း
၃။	အမေရိကန်	၅၁ ဒသမ ၁ သန်း	၈။	မက္ကဆီကို	၂၁ ဒသမ ၄ သန်း
၄။	တရုတ်	၄၉ ဒသမ ၆ သန်း	၉။	ဩစတြီးယား	၂၀ ဒသမ ၃ သန်း
၅။	အီတလီ	၄၁ ဒသမ ၁ သန်း	၁၀။	ရုရှား	၂၀ ဒသမ ၂ သန်း

ခရီးသွားလုပ်ငန်းမှ ဝင်ငွေအများဆုံးရသည့် (၁၀)နိုင်ငံ

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ၂၀၀၆ ခုနှစ်အတွက် ဝင်ငွေအများဆုံးရရှိသည့် (၁၀)နိုင်ငံစာရင်းကို World Tourism Organization **၏ ၂၀၀၆ ခုနှစ်စာရင်းအင်းများအရ အောက်ပါအတိုင်းတွေ့ရှိရသည်-**

စဉ်	နိုင်ငံ	ဝင်ငွေဘီလီယံဒေါ်လာ	စဉ်	နိုင်ငံ	ဝင်ငွေဘီလီယံဒေါ်လာ
၁	အမေရိကန်	၈၅ ဒသမ ၇	၆	ယူကေ	၃၃ ဒသမ ၅
၂	စပိန်	၅၁ ဒသမ ၁	၇	ဂျာမနီ	၃၂ ဒသမ ၈
၃	ပြင်သစ်	၄၆ ဒသမ ၃	၈	ဩစတြေးလျ	၁၇ ဒသမ ၈
၄	အီတလီ	၃၈ ဒသမ ၁	၉	တူရကီ	၁၆ ဒသမ ၉
၅	တရုတ်	၃၃ ဒသမ ၉	၁၀	ဩစတြီးယား	၁၆ ဒသမ ၇

လူဖန်တီးသည့် အကြီးဆုံးကျွန်းစုကြီး

ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်ရန်အတွက် ပင်လယ်ပြင်တွင် လူတို့ဖန်တီးတည်ဆောက်ထားသည့် အကြီးဆုံးကျွန်းစုကြီးကို အာရပ်စော်ဘွားများပြည်ထောင်စု (UAE)နိုင်ငံ ဒူဘိုင်းမြို့၌ ၂၀၀၂ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ပြီးစီးနေပြီဖြစ်သည်။



ဒူဘိုင်း ပင်လယ်ကမ်းခြေတွင် ၄ ကီလိုမီတာ (၂ ဒသမ ၅မိုင်) ရှည်လျားသည့် ဘဲဥပုံသဏ္ဌာန်လှိုင်းတား နံရံကာဆီးထားသော ကမ္ဘာ့ကျွန်းကြီးတစ်ခုကို ဖန်တီးတည်ဆောက်ထားသည်။ **(အပေါ်ပုံ)** အဆိုပါကျွန်းကြီးတွင် အရွယ်ပမာဏတူ လူတို့ ဖန်တီးတည်ဆောက်ထားသည့် ကျွန်းကလေးပေါင်း ၃၀၀ စုစည်းပါဝင်သည်။ ဝေဟင်အထက်မှကြည့်လျှင် ကမ္ဘာ့တိုက်ကြီးတစ်တိုက်နှင့် အလားသဏ္ဌာန်တူသည်။ အဆိုပါကျွန်းများတွင် ကမ္ဘာလှည့်ခရီးသည်များ နားခိုအပန်းဖြေရန် ဟိုတယ်များ၊ အဆောက်အအုံများ ဆောက်လုပ်ထားပြီး ဝယ်ယူလိုသူ၊ ငှားရမ်းလိုသူ စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်ကမ်းလှမ်းထားသည်။

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအဖြစ် ကျောင်းကျန်းမာရေးပြခန်းအတွင်း ခင်းကျင်းပြသထားသော ကျန်းမာရေးဆိုင်ရာ အသိပညာပေး ပိုစတာများ၊ စာအုပ်စာပေများ၊ ဗီဒီယိုပညာပေး ဇာတ်လမ်းများနှင့် ရှင်းလင်း ဆွေးနွေးမှုများကို ကျောင်းသား၊ ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မျက်စိအလင်းကုသိုလ်ရှင်များအား ဂုဏ်ပြုပါသည်

ဒေါက်တာ ကံညွန့်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ လေ့လာဆန်းစစ်မှုအရ ကမ္ဘာ တစ်ဝန်းလုံးမှာ မျက်စိကွယ်နေသူ ၄၅ သန်းလောက်ရှိတယ်လို့ ဆိုပါတယ်။ ဒီ ၄၅ သန်းကတော့ အကူအညီမပါဘဲ နေထိုင်သွားလာစားသောက်မရနိုင်တဲ့ ဦးရေပါ။ ကိုယ့်ဟာကိုယ် သွားလာနိုင်ပြီး အတော်အသင့်အလုပ်မျိုးတွေနဲ့ မျက်စိမှုန်ပြီး နေထိုင်ရသူတွေကတော့ ၁၃၅ သန်း လောက်ရှိတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံမှာတော့ ၁၉၉၇-၉၈ ခုနှစ်က ကျန်းမာရေးဝန်ကြီးဌာန မျက်မမြင်ကာကွယ်ရေးနှင့် မျက်ခမ်းစပ်ရောဂါ တိုက်ဖျက်ရေးအဖွဲ့ရဲ့ လေ့လာချက်အရ မျက်မမြင်ဦးရေ သုံးသိန်းကျော်ရှိနေကြောင်း သိရပါတယ်။ နှုန်းနဲ့တွက်ရင် လူတစ်သိန်းမှာ ၆၀၀ မျက်စိကွယ်နေပြီး ရာနှုန်းနဲ့တွက်ရင်တော့ လူတစ်ရာ ၀ဒသမ ၆ ယောက် မျက်စိကွယ်နေကြတာ ဖြစ်ပါတယ်။ နောက်ပြီး တစ်နှစ် တစ်နှစ်ကို မျက်စိကွယ်နိုင်သူ ခြောက်သောင်းမှ ကိုးသောင်းအထိရှိကြောင်းလည်း သိရပါတယ်။

စုစုပေါင်း မျက်စိကွယ်နေသူ သုံးသိန်းကျော်ရှိတဲ့အထဲက အတွင်းတိမ်ကြောင့် မျက်စိကွယ်နေသူ တစ်သိန်းကိုးသောင်းကျော်ရှိတယ်လို့ သိရပါတယ်။ ဒါကြောင့် အတွင်းတိမ်ဟာ မျက်စိကွယ်နေသူအားလုံးရဲ့ ၆၃ ရာခိုင်နှုန်းပါပဲ။

လက်ရှိအနေအထားအရ မြန်မာနိုင်ငံမှာ မျက်စိဆရာဝန်ပေါင်း ၁၈၀ ကျော် ရှိနေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လူဦးရေ ၅၅ သန်းကျော် ရှိတာကြောင့် လူဦးရေသုံးသိန်းမှာ မျက်စိဆရာဝန်တစ်ဦးခန့် ရှိနေပါတယ်။ တစ်နှစ် တစ်နှစ်မှာလဲ မျက်စိဆရာဝန် အနည်းဆုံး ၁၀ ဦးခန့်ကို မွေးထုတ်ပေးလျက် ရှိနေပါတယ်။

မြန်မာနိုင်ငံအနေနဲ့ မျက်စိကွယ်စေနိုင်တဲ့ အဓိက ရောဂါတွေကတော့ အတွင်းတိမ်၊ ရေတိမ်၊ မျက်ကြည်နာရောဂါ၊ မျက်ခမ်းစပ်ရောဂါ၊ ထိခိုက် ဒဏ်ရာရောဂါ၊ ဗီတာမင်အေ ချို့တဲ့ရောဂါ၊ မွေးကင်းစ မျက်မြေးရောင် ရောဂါ၊ မျက်မှန်လိုလို့ မျက်စိမှုန်ရောဂါနှင့် ဆီးချို၊ သွေးတိုးကြောင့်ဖြစ်တဲ့ နောက်ဆက်တွဲ မျက်စိရောဂါတွေကြောင့်ပဲ ဖြစ်ပါတယ်။

ဒီရောဂါတွေထဲက အထိရောက်ဆုံးကုသပြီး မျက်စိအာရုံ ပြန်ကောင်းနိုင်ဆုံး ရောဂါကတော့ အတွင်းတိမ်ရောဂါပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်က လူထုပညာပေးအနေနဲ့-

အတွင်းတိမ်မှန်ပါက
ခွဲစိတ်ကုလျှင် ပျောက်မည်ပ
အတွင်းတိမ်ကြောင့် မျက်စိကွယ်
ခွဲစိတ်ကုဖို့ အလွန်လွယ်
မှန်ဘီလူးငယ် ထည့်ပါက
အမြင်အာရုံ ချက်ချင်းရ။

လို့တောင် ကဗျာတစ်ပုဒ် စပ်ဆိုဖြန့်ဝေထားပါသေးတယ်။

အထက်ကဖော်ပြခဲ့သလို မျက်မမြင် သုံးသိန်းကျော်ထဲက ၆၃ ရာခိုင်နှုန်းရှိတဲ့ အတွင်းတိမ်ဝေဒနာရှင် နှစ်သိန်းနီးပါးနဲ့ နှစ်စဉ် တိုးလာတဲ့ အတွင်းတိမ် ဝေဒနာရှင် ငါးသောင်းလောက်ကို ကုသဖို့စဉ်းစားလာရတော့ တယ်။ ကျွန်တော်တို့ နိုင်ငံမှာ မွေးထုတ်ထားတဲ့ မျက်စိဆရာဝန် ၁၈၀ ကျော်ဟာလဲ အတွင်းတိမ်ကို နိုင်နိုင်နင်းနင်း ခွဲစိတ်ပေးနိုင်တဲ့ ဆရာဝန်တွေပါ။ ကျွန်တော်တို့နိုင်ငံမှာ အကြီးဆုံး မျက်စိကုဌာနဖြစ်တဲ့ ရန်ကုန်မျက်စိ ဆေးရုံကြီးကတောင် တစ်နှစ်ကို အတွင်းတိမ်ဝေဒနာရှင်၄၀၀၀ကျော်လောက်ပဲခွဲပေးနိုင်တာဖြစ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ကတော့ အတွင်းတိမ် သုံးသောင်းကျော်လောက်သာ ခွဲပေးနိုင်တာဖြစ်ပါတယ်။

ဒီအချက်တွေကိုသိတဲ့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ မျက်စိ ဆရာဝန်တွေဟာ မျက်မမြင်ကာကွယ်ရေးကိစ္စတွေကို ဒီအတိုင်း ဖြေရှင်းနေလို့တော့ မရဘူးဆိုတာ သိခဲ့ကြပါတယ်။ ဒါကြောင့် **မျက်စိဝေဒနာရှင်တွေကို ဆေးရုံကပဲ စောင့်ပြီး ခွဲစိတ်ကုသနေမယ့်အစား ဆေးရုံနဲ့ အလှမ်းဝေးတဲ့၊ မျက်စိဆရာဝန်မရှိတဲ့၊ မျက်စိကုဌာနတွေမရှိတဲ့ ဒေသတွေကို ကိုယ်တိုင်ကိုယ်ကျသွားပြီး ခွဲစိတ်ကုသပေးဖို့ စီစဉ်ခဲ့ကြပါတော့တယ်။ ဒီအစီအစဉ်ကို ၂၀၀၀ ပြည့်နှစ်မှစပြီး အကောင်အထည် ဖော်နိုင်ခဲ့ပါတယ်။**

နယ်ထွက်မျက်စိကုသမှုတွေကို အောက်ပါစာရင်းဇယားအတိုင်း နှစ်စဉ် အခမဲ့ကြည့်ရှု ခွဲစိတ်ကုသပေး ဆောင်ရွက်နိုင်ခဲ့ကြပါတယ်-

ခုနှစ်	ပြင်ပလူနာဦးရေ	အတွင်းတိမ်လူနာဦးရေ
၂၀၀၀	၁၅၂၀ ဦး	၅၀၄ ဦး
၂၀၀၁	၁၈၂၁ ဦး	၃၈၈ ဦး
၂၀၀၂	၂၁၀၇ ဦး	၃၁၇ ဦး
၂၀၀၃	၁၀၂၅ ဦး	၃၅၀ ဦး
၂၀၀၄	၂၂၆၃ ဦး	၅၀၅ ဦး
၂၀၀၅	၇၅၉၂ ဦး	၁၁၄၀ ဦး
၂၀၀၆	၂၁၈၂ ဦး	၇၉၀ ဦး
၂၀၀၇	၄၅၄၄၂ ဦး	၄၂၁၃ ဦး
စုစုပေါင်း	၆၃၉၅၂ ဦး	၈၂၀၇ ဦး

ဒီစာရင်းအရ ၂၀၀၀ပြည့်နှစ်ကစ၍ ၂၀၀၇ ခုနှစ်အထိ နယ်ထွက်ပြီး ပြင်ပလူနာပေါင်း ၆၃၉၅၂ဦးကို ကြည့်ရှုပေးခဲ့ကာ အတွင်းတိမ်လူနာ ၈၂၀၇ဦးကို အခမဲ့ ခွဲစိတ်ပေးခဲ့ကြပါတယ်။ ဒီအထဲမှာ ၂၀၀၇ ခုနှစ် တစ်နှစ်တည်းမှာပဲ ပြင်ပလူနာပေါင်း ၄၅၄၄၂ ဦးနဲ့ အတွင်းတိမ်လူနာ ၄၂၁၃ ဦး ခွဲစိတ်ပေးနိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီစာရင်းကိုကြည့်ရင် ၂၀၀၇ ခုနှစ်မှာ ကြည့်ရှုပေးခဲ့တဲ့ ပြင်ပလူနာပေါင်းနဲ့ ခွဲစိတ်ပေးနိုင်တဲ့ အတွင်းတိမ်လူနာပေါင်းဟာ ယမန်နှစ်တွေကထက် ထူးထူးခြားခြား တိုးတက်များပြားလာတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်မှာလဲ နယ်ထွက် မျက်စိကုသမှုတွေကို အားတက်သရော ဆက်လက်ဆောင်ရွက်နေကြပါတယ်။

ဒီလို တိုးတက်များပြားလာတာဟာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ကြပ်မတ် စီစဉ်ပေးမှု၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများရဲ့ အကူအညီပေးမှု၊ စေတနာရှင် အလှူရှင်များရဲ့ အားတက်သရော ပါဝင်လှူဒါန်းမှုနဲ့ မျက်စိဆရာဝန်များရဲ့ ပူးပေါင်းပါဝင်မှုကြောင့်သာ ဖြစ်ပါတယ်။

ဆင်းရဲနွမ်းပါးပြီး မျက်စိမမြင်ဖြစ်နေကြတဲ့ ကျေးလက် တောရွာက ပြည်သူတွေကို မျက်မမြင်ဘဝက ကယ်တင်နိုင်ရန်အတွက် အားလုံး ပူးပေါင်းကူညီဖို့ လိုနေတယ်ဆိုတာကို သတိပြုမိပြီး ကူညီပံ့ပိုးမှုတွေ ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။

ဒါကြောင့် နောက်နှစ်တွေမှာလဲ အရှိန်အဟုန်မြှင့်တင်ပြီး မျက်စိအလှူဒါနတွေ ဒီထက်ကို ပို၍ ပါဝင်လှူဒါန်းနိုင်ကြပါစေလို့ ဆုတောင်းရင်း အလှူရှင်များအား ဤဆောင်းပါးနဲ့ ဂုဏ်ပြုဖော်ပြလိုက်ရပါတယ်။ ။

ဆင်းရဲနွမ်းပါးပြီး မျက်စိမမြင်ဖြစ်နေကြတဲ့ ကျေးလက်တောရွာက ပြည်သူတွေကို မျက်မမြင်ဘဝက ကယ်တင်နိုင်ရန်အတွက် အားလုံး ပူးပေါင်းကူညီဖို့ လိုနေတယ်ဆိုတာကို သတိပြုမိပြီး ကူညီပံ့ပိုးမှုတွေ ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။

၂၀၀၇-၂၀၀၈ခုနှစ် တက္ကသိုလ် ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရ မြို့တော် စည်ပင်ဝန်ထမ်းမိသားစု သား၊သမီး ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဩဂုတ် ၆ရက်က မြို့တော်ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ငါးဘာသာ ဂုဏ်ထူးရှင် မောင်မိုးသက်နိုင်လင်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၉)

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၈

အဏ္ဏဝါသိပ္ပံ (အဏ္ဏဝါဇီဝ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အ-မ-က စိန်မှန်းကျောင်းအား အလှူငွေကျပ် ငါးသိန်းလှူဒါန်းပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ မိုးညှင်းစံကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းစံကျောင်း ပဓာန နာယကဆရာတော် ဦးဓမ္မသီရိထံမှ ငါးပါးသီလခံယူကြပြီး ဆရာကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများက ဝါဆိုသင်္ကန်းများကို ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။ ထိုနောက် မုန်တိုင်းဒဏ်ကြောင့်ပျက်စီးသွားသော ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အ-မ-ကစိန်မှန်းကျောင်းသို့ စာရေးခုံနှင့် ထိုင်ခုံများ ပြန်လည်ပြုပြင်ရန်အတွက်အဏ္ဏဝါသိပ္ပံ(အဏ္ဏဝါဇီဝ)ကျောင်းသား၊ကျောင်းသူဟောင်းများက ကျောင်းအုပ်ဆရာကြီး ဦးစိန်လှဝင်းအား အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။**(အောက်ပုံ)** (ကြေးမုံ)

အထက (၁) မရမ်းကုန်း၏ စန္ဒီမာထူးချွန်ဆုပေးပွဲ

ရန်ကုန် ဩဂုတ် ၁၈

အထက (၁)မရမ်းကုန်း (ယခင်သမိုင်းမြို့မအထက်တန်းကျောင်း)၏ (၁၉)ကြိမ်မြောက်စန္ဒီမာထူးချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၇ရက် (စနေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းဝင်းအတွင်းရှိ စန္ဒီမာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စန္ဒီမာဆုချီးမြှင့်ရေးနှင့်ပတ်သက်၍သိရှိလှူဒါန်းလိုပါကစတင်တည်ထောင်သူများဖြစ်ကြသော ဆရာကြီး ဦးကျော် (ပထမဆုံးကျောင်းအုပ်ကြီးအသက် ၁၀၀နှစ်)၊ ဆရာကြီး ဦးဝင်းကြိုင်(မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ)၊ ဦးထွန်းအောင်(တော်ဝင်ထွန်းကုမ္ပဏီနှင့် အိုခယ်စသက်န်းတိုက်)၊ ဦးမြတ်စိုး(လှိုင်) (အယ်ဒီတာချုပ်၊ လယ်ယာစီးပွားဂျာနယ်)၊ ဆရာမဒေါ်ခင်လှ ဖုန်း-၆၆၇၄၄၃၊ ဒေါ်ခင်မြင့် ဖုန်း-၆၆၄၀၅၃၊ ဦးမြတ်ထွန်း ဖုန်း-၆၅၁၂၁၇တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၈-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၁၅ ၄။ အလွမ်းတေးပန်းခြီ ချစ်သူဆီ
- ၄း၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၃၅ ၈။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၅း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ ဝတ်စားဆင်ယင်လှစေချင်
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -စံပါပဲ အပိုင်း(၈)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေး တေးကဗျာ
- ၁၉။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -စိတ်တူကိုယ်တူညီတူ အသင်းအဖွဲ့
- ၂၀။ မွေးမြူသုတ
- ၂၁။ ဗွီစီဒီကျော်ကြား တေးများ
- ၂၂။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အဖြူရောင်မြွေ မင်းသမီးလေး အပိုင်း(၄၁)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ကြည့်ရှု အားပေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာ၌ စုပေါင်းတမန်းနှိုး မြေဩဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မကွေးတိုင်း ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် စိုက်ပျိုးမွေးမြူရေး၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၅ ရက် နံနက် ၈ နာရီတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်မှ ထွက်ခွာလာကြပြီး နေပြည်တော် တပ်ကုန်းမြို့နယ် ငွေးချိုစခန်းသို့ရောက်ရှိကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅)က ဆောင်ရွက်လျက်ရှိသည့် ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်း စီမံကိန်းရှင်းလင်း ဆောင်သို့ရောက်ရှိကြရာ အင်ဂျင်နီယာမှူး ဦးစန်းဝေက မိုးရာသီကာလအတွင်း လမ်းပိုင်းထိန်းသိမ်းဆောင်ရွက်မှု၊ ပွင့်လင်းရာသီကာလ၌ တစ်လမ်းသွားမှ နှစ်လမ်းသွားအဖြစ် မြေသားလမ်းတိုးချဲ့ခြင်း၊ ကျောက်ချောလမ်းခင်းခြင်းနှင့် ကတ္တရာရေပိတ်လွှာလောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် ပျဉ်းမနားမြို့နယ်အပိုင်း ၄၄ မိုင်နှစ်ဖာလုံနှင့် တောင်တွင်းကြီးမြို့နယ်အပိုင်း ၂၂ မိုင် စုစုပေါင်း ၆၆ မိုင်နှစ်ဖာလုံရှိ လမ်းပိုင်းကြွခိုင်မှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် တောင်တွင်းကြီးမြို့နယ်ရှိ သစ်တောဦးစီးဌာန ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ ၂၀၀၄ ခုနှစ် သီးခြားကျွန်းစိုက်ခင်း ဧက ၃၀၀ သို့ ရောက်ရှိကြပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ကျွန်းစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်သည် ကင်မွန်းတောင် ကြိုးဝိုင်းအကွက် အမှတ်(၃၂)သို့ ကြည့်ရှုစစ်ဆေးကာ ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် တောင်တွင်းကြီးမြို့နယ် ဝက္ကသေး ကျေးရွာ၌ စုပေါင်းတမန်းနှိုး မြေဩဇာကြဲပက်နေမှုကိုတက်ရောက်အားပေးသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် ရန်ပယ်ရေလှောင်တမံစီမံကိန်း လက်ဝဲရေမြောင်းမကြီးမှတစ်ဆင့် ဆည်ရေသောက်ဧရိယာအတွင်း ရေစီးဝင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် ရန်ပယ်ရေလှောင်တမံစီမံကိန်း၌ ဆည်ရေလှောင်မှုပမာဏကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ ရေထိန်းမျှော်စင်ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရန်ပယ်ရေလှောင်တမံသည် မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာတွင် တည်ရှိပြီး ရန်ပယ်ချောင်းနှင့် ဘရုံချောင်း အနီးတည်ဆောက်ထားခြင်းဖြစ်သည်။ မူလအကျိုးပြုဧကမှာ ဧက ၁၀၀၀၀ ရှိပြီး တမံအမြင့် ၇၈ ပေ၊ တမံအလျားပေ ၉၁၀၀ ရှိ မြေသားတမံအမျိုးအစား ဖြစ်သည်။

ထို့မှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအုပ်စုရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၌ မြင်းသွေးမှတစ်ဆင့် မြွေဆိပ်ဖြေဆေးနှင့် မေးခိုင်ရောဂါ ကာကွယ်ဆေးတို့ ဖော်စပ်အသုံးပြုနိုင်ရန်အတွက် မြင်းများမွေးမြူထားမှု၊ တစ်နေ့တာ အစာကျွေးမွေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်သည် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံ (ရန်ပယ်)၌ စက်ရုံမှ ထုတ်လုပ်ထားသော ပြောင်းဖူးဆီ၊ ပြောင်းဖူးကော်မှုန့်၊ ပရိုတိန်းနမူနာများနှင့် စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဗိုလ်ချုပ် ခင်ဇော်သည် ပရပ်ကြယ်ကျေးရွာရှိ ရန်ပယ်ရေလှောင်တမံ လက်ဝဲလက်တံမြောင်းမကြီးမှတစ်ဆင့် ဆည်ရေသောက် ဧက ၈၀၀ ရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်-သစ်ရာကောက်ဖြတ်လမ်းဘေးရှိ ပြည်သာယာစိုက်ပျိုးရေး ကုမ္ပဏီလီမိတက် စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပြည်ပပို့ သီးနှံစိုက်ပျိုးရေး စီမံကိန်း အထွေထွေမန်နေဂျာ ဦးအောင်မင်းက ပြည်သာယာစိုက်ပျိုးရေးမြေဧက ၇၆၇၆ ဧကနှင့် ဒို့ယာမြေစိုက်ပျိုးရေး မြေဧက ၂၇၀၀ တွင် နှမ်း၊ ပဲစဉ်းငုံ၊ မြေပဲ၊ နေကြာ၊ နံ့စားပြောင်း၊ ကုလားပဲ၊ ပဲတီစိမ်းနှင့် ပဲနောက်သီးနှံများ၊ ကြက်ဆူကျားနှင့် ခြံစည်းရိုးကြက်ဆူများ စနစ်တကျစိုက်ပျိုးထားမှု၊ လယ်မြေအဖြစ် ဖော်ထုတ်ရရှိနိုင်သော နေရာများတွင် စပါးစိုက်ပျိုးထားမှု၊ ဒေသခံနွားမျိုးများ မွေးမြူထားမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက မကွေးတိုင်း အတွင်း ကုမ္ပဏီများနှင့် အဖွဲ့အစည်းများက ရယူထားသည့် မြေဧရိယာများနှင့် စိုက်ပျိုးထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ခင်ဇော်က ဖော်ထုတ်ပြီး မြေဧရိယာအတွင်း မြေသယံဇာတ အပြည့်အဝအသုံးချနိုင်ရေး၊ ခြံစည်းရိုးကြက်ဆူပင်များကို ပိုမိုစိုက်ပျိုးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နမူနာပြသထားသော နှမ်းနက် (သိပ္ပံ)နှင့် နှမ်းနက်ပင် (သိပ္ပံ) တို့ကို ကြည့်ရှုစစ်ဆေးကာ နှမ်းတလင်းအတွင်း နှမ်းထောင်ထားမှု၊ နှမ်းခါနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မကွေးတိုင်းတွင် ကုမ္ပဏီ ၂၄ ခုတို့က စုစုပေါင်း မြေဧရိယာ ၁၉၈၂၅၃ ဧကပေါ်တွင် ၃၃၉၃၆ ဧက ဖော်ထုတ်ပြီး ၂၉၈၁၄ ဧက စိုက်ပျိုးပြီးကျန်ရှိသော မြေများကိုလည်း ဆက်လက်စိုက်ပျိုးရန် စီစဉ်လျက်ရှိသည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် ကိုးပင်-စမ်းမကြီး-သစ်ရာကောက်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ဇနိကာမဟီကုမ္ပဏီက စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ခြံစည်းရိုး ကြက်ဆူစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကာ အောင်လံမြို့အဝင်၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးမှုကို တက်ရောက်အားပေး၍ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် ခြံစည်းရိုးကြက်ဆူပင်မှ တစ်ဆင့် ထုတ်ယူရရှိသော ဇီဝလောင်စာဆီဖြင့် မီးစက်အင်ဂျင်၌ အသုံးပြုထားရှိမှု၊ မီးဖိုလောင်စာဆီဖြင့် ချက်ပြုတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ညပိုင်းတွင် အောင်လံမြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအာဆီယံ အမျိုးသားယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ ရွှေဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း အာဆီယံဒေသအဆင့် အာဆီယံလက်မှုထူးချွန် လက်ရာပြိုင်ပွဲတွင် ဆုရရှိခဲ့သော ဦးဝဏ္ဏကျော်အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

အာဆီယံအသင်းကြီး၏ (၄၁)ကြိမ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အာဆီယံ လက်မှုထူးချွန် လက်ရာပြိုင်ပွဲဆုပေးပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

အာဆီယံအသင်းကြီး၏ (၄၁)ကြိမ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အာဆီယံလက်မှုထူးချွန် လက်ရာပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အာဆီယံ အမျိုးသားယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ ဥက္ကဋ္ဌ ရွှေဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုး၊ မြန်မာနိုင်ငံ အာဆီယံ အမျိုးသားယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ အတွင်းရေးမှူး အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်) ဒုတိယ ပါမောက္ခချုပ် (သင်ကြား)ဒေါ်နန္ဒာမွန်း၊ အာဆီယံဒေသအဆင့် အာဆီယံလက်မှုထူးချွန် လက်ရာပြိုင်ပွဲ အကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာ ဦးစီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက အာဆီယံသီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

ထို့နောက် မြန်မာနိုင်ငံ အာဆီယံ အမျိုးသားယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ ရွှေဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက အမှာစကား ပြောကြားသည်။

ယင်းနောက်အာဆီယံဒေသအဆင့် အာဆီယံလက်မှုထူးချွန် လက်ရာပြိုင်ပွဲ အကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သွင်က ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် ၂၀၀၇ ခုနှစ်အတွက် အာဆီယံဒေသအဆင့် အာဆီယံလက်မှုထူးချွန် လက်ရာပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍မြန်မာနိုင်ငံအာဆီယံ အမျိုးသားယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ ဥက္ကဋ္ဌ ရွှေဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက အာဆီယံဒေသအဆင့် အာဆီယံလက်မှုထူးချွန် လက်ရာပြိုင်ပွဲတွင်ဆုရရှိခဲ့သော ဦးဝဏ္ဏကျော်အား ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် အာဆီယံဒေသအဆင့် အာဆီယံလက်မှုထူးချွန် လက်ရာပြိုင်ပွဲတွင် ဆုရရှိခဲ့သူ ဦးဝဏ္ဏကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (သတင်းစဉ်)

သယ်န်းကျွန်းမြို့နယ် (၂၃)ရပ်ကွက် သုဝဏ္ဏ ဂန္ဓမာလမ်းနေ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခင်ငြိမ်းက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ငွေကျပ် လေးသိန်း တန်ဖိုးရှိ ရေမော်တာစက်တစ်လုံးလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (ကြေးမုံ)

ယခင်ဖောင်ပယ်ဖျက်/ယခုဖောင်သုံးရန် ၃း၁၀

✧ **ရွှေ့ဖုံးမှ**

အသုံးချရေးဦးစီးဌာန၏ ဒုရင်ဗိုလ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး ဒုရင်ဗိုလ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ မြစ်ရေတင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်သည် အောင်လံမြို့နယ် ကွမ်လောင်းကျေးရွာအုပ်စုရှိ တောင်သူ ဒေါ်ခင်စန်း၏ စိုက်ဧက ၃ဒသမ၁၀ ဧကအတွင်း မနောသုခမျိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးနေမှုကိုလည်းကောင်း၊ တစ်ဆက် တစ်စပ်တည်းရှိသော လယ်မြေများ၌ လက်တွန်းထွန်စက်များဖြင့် ထွန်ယက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုအားပေးကာ တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် ဥသျှစ်ပင်ဘူတာ ရထားလမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကြံခင်း-ပခုက္ကူရထားလမ်းပိုင်းဖောက်လုပ်ရေး စီမံကိန်းသည် ခန့်မှန်းမိုင် ၃၂၀ ရှည်လျားပြီး အပိုင်းသုံးပိုင်းခွဲခြား၍ စီမံကိန်းအလိုက်ဆောင်ရွက်လျက်ရှိရာ ကြံခင်း-သရက်အပိုင်း၌ မိုင် ၁၁၀၊ သရက်-ပွင့်ဖြူအပိုင်း၌ မိုင် ၁၀၀ နှင့် ပွင့်ဖြူ-ပခုက္ကူ အပိုင်း၌ မိုင် ၁၁၀ ပါဝင်သည်။

ကြံခင်း-သရက်ရထားလမ်းပိုင်း၌ ကြံခင်း-ဥသျှစ်ပင်အပိုင်းမိုင် ၄၀၊ ဥသျှစ်ပင်-ကံမအပိုင်း ၃၅ မိုင်နှင့် ကံမ-သရက်အပိုင်း ၃၅ မိုင်တို့ကို ဦးစားပေး ဖောက်လုပ်လျက်ရှိရာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီ ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ (သတင်းစဉ်)

စုပေါင်းသွေးလှူဒါန်း

ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်ကြီး၏ ပဓာန နာယက ရွှေရတုတိပိဋကရေ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၏ ဩဝါဒကိုခံယူ၍ ဆုထူးပန် အဘိဓမ္မာသင်တန်းသူ၊ သင်တန်းသားများနှင့် ပြည်သူများ ဩဂုတ် ၃ရက်က ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းကြစဉ်။ (ကြေးမုံ)

တွံတေးအရှင်ဣန္ဒက တရားပွဲ

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက် မြဝတီမင်းကြီး (၁)လမ်း သိရီမင်္ဂလာမဟာစည်ရိပ်သာကျောင်းတိုက် ဆရာတော် တွံတေး အရှင်ဣန္ဒက(ဓမ္မကထိက ဗဟုဇနဟိတဓရ)သည် ဩဂုတ် ၁၉ရက်မှ ၂၃ ရက်အထိ ငါးညတိုင် အထူးတရားပွဲကို စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့နယ် သရောင်းစံပြကျေးရွာ၌ ည ၇ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ပါ၍ မည်သူမဆို တရားနာယူနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဝါတွင်းကာလ တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် မြို့ဦးစေတီဘူတာရုံ ဓမ္မရိပ်သာကျောင်းတိုက်၌ မင်္ဂလရိပ်သာကျောင်းတိုက် ဆရာတော် ဦးပဏ္ဍိတသည် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားများကို ဒုတိယအကြိမ် ဝါခေါင်လပြည့်ကျော် ၁၀ ရက်မှ ဝါခေါင်လကွယ်နေ့ (ဩဂုတ် ၂၆ရက်မှ ၃၀ ရက်)အထိ တရားစခန်းဖွင့်လှစ် ဟောပြောပြသမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုကြသည့် ယောဂီများ ဖုန်း-၀၉-၅၀-၃၆၇၁၄ သို့ ကြိုတင် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ရက် နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ၌ ကျင်းပသည်။

ဂုဏ်ပြုပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ဦးဇော်မင်းဝင်းတို့က အမှာစကား ပြောကြားကြသည်။ ယင်းနောက် လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဆေးဝါးပစ္စည်းများလှူဒါန်းခဲ့သည့် အလှူရှင် Nippon International Cooperation for Community Development (NICCO) မှ ရန်ကုန်ရုံးခွဲ ဒါရိုက်တာ Mr. Osamu Sato က နှုတ်ဆက်စကားပြောကြားပြီး လေဘေးသင့်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်ထံ ပေးအပ်သည်။

ဆက်လက်၍ Mr. Osamu Sato က မြန်မာနိုင်ငံ ဆရာဝန်များအသင်းသို့ ဆေးဝါးများကို မြန်မာနိုင်ငံ ဆရာဝန်များအသင်းဥက္ကဋ္ဌ ဦးကျော်မြင့်နိုင်ထံ ပေးအပ်လှူဒါန်းပြီး လေဘေးသင့်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခဲ့ကြသည့် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို အသင်းဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်၊ အတွင်းရေးမှူး ဦးဇော်မိုးခိုင်နှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာသင်းနွယ်ဝင်းတို့ထံ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ ဦးဇော်မင်းဝင်းနှင့် ဒါရိုက်တာ Mr. Osamu Sato တို့က လေဘေးသင့်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြု မှတ်တမ်းလွှာများကို ပေးအပ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

လေဘေးသင့်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုပွဲအခမ်းအနား၌ ဒါရိုက်တာ Mr. Osamu Sato က မြန်မာနိုင်ငံ ဆရာဝန်များအသင်းသို့ ဆေးဝါးများ ပေးအပ်လှူဒါန်းစဉ်။ (ကုန်သည်/စက်မှု)

ကြေးမုံ The Mirror ထူးခြားဆန်းပြား အင်တာနက်သတင်း

သန်းလွင် တင်ပြသည်

လူတူသတ္တဝါကြီး Big Foot ၏ ရုပ်အလောင်း အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်၌တွေ့ရှိခဲ့ဟုဆို

အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်မှ ပုဂ္ဂိုလ်နှစ်ဦးက ၎င်းတို့သည် Big Footဟု အမည်ပေးထားသောလူတူသတ္တဝါကြီးတစ်ကောင်၏ ခန္ဓာကိုယ်ရုပ်အလောင်းကို တွေ့ရှိခဲ့ကြောင်း ဖွင့်ဟပြောဆိုလိုက်သည်။Big Foot ဆိုသည်မှာ ကြီးမားသော ခန္ဓာကိုယ်၊ အမွေးအမှင်ထူထူနှင့် လူပုံသဏ္ဌာန်ရှိသော သတ္တဝါတစ်မျိုးဖြစ်သည်။

မစ္စတာမတ်ဝစ်တွန်နှင့် မစ္စတာရစ်ဒိုင်ယာတို့ကငင်းတို့သည် ဇွန်လအတွင်းက မြောက်ပိုင်းပြည်နယ်မှ တောအုပ်တစ်ခုအတွင်း ၂ဒသမ ၃မီတာ(၇ပေ၂လက်မ)အမြင့်ရှိပြီး ၂၂၆ကီလို(ပေါင်၅၀၀)လေးသော ယင်းသတ္တဝါ၏ ရုပ်အလောင်းကို မမျှော်လင့်ဘဲ တွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း ပြောသည်။

Big Foot နှင့် ပတ်သက်၍ ဆယ်စုနှစ်ပေါင်းများစွာ လူဝံကဲ့သို့သောသတ္တဝါအဖြစ် နောက်ပြောင်စရာဒဏ္ဍာရီဆန်ဆန်ဖြစ်နေခဲ့သည်။

၎င်းတို့၏ ဝက်ဘ်ဆိုက်၌ တင်ထားသောဓာတ်ပုံတစ်ပုံတွင်မျက်နှာမှာ လူဝံတစ်ကောင်၏မျက်နှာနှင့်တူ၍ ကိုယ်ခန္ဓာကြီးမားပြီး အမွေးများလည်း ထူပိန်းစွာ ပေါက်နေသည်။

Big Foot နှင့်ပတ်သက်၍ ကျွမ်းကျင်သူများကမူ ထိုပုဂ္ဂိုလ်နှစ်ဦး၏ ကြေညာချက်ကို သံသယနှင့် တုံ့ပြန်ကြသည်။

"ကျွန်တော်ထင်ပါတယ်၊ ဒီသေနေတဲ့ သတ္တဝါရဲ့ပုံကို ဖော်ပြထားတဲ့ဓာတ်ပုံဟာ သူတို့ရဲ့ကြေညာချက်ကို သံသယဖြစ်စေတယ်"ဟု Big Foot သုတေသနပညာရှင် အိုင်ဒါဟိုပြည်နယ် တက္ကသိုလ်မှ ပါမောက္ခဂျက်ဖရီမီးလ်ဒရပ်က ပြောသည်။

အမေရိကန် ငါးနှင့် သဘာဝတိရစ္ဆာန်ဌာနက ၎င်းတို့၏ တာဝန်ရှိသူများသည် ထိုကြေညာချက်ကို အရေးတယူ ဆွေးနွေးမှာမဟုတ်ကြောင်း၊ စုံစမ်းစစ်ဆေးမှုလည်း လုပ်မှာမဟုတ်ကြောင်းပြောသည်။

ကယ်လီဖိုးနီးယားပြည်နယ် ပါလိုအယ်လ်တို၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ မစ္စတာ ဝစ်တွန်နှင့် မစ္စတာဒိုင်ယာတို့က ၎င်းတို့နှစ်ဦး တောလမ်းခရီးရှည် လမ်းလျှောက်ထွက်ကြစဉ် နီကြင်ကြင်ဆံပင်၊ အနက်ရောင် မွဲမွဲမျက်လုံး၊ လူသားတွေ၏ လက်၊ ခြေထောက်များနှင့်တူသော အဆိုပါ Big Foot အထီးတစ်ကောင်၏ သက်မဲ့ခန္ဓာကိုယ်ကိုတွေ့ရှိခဲ့ရကြောင်း ရှင်းပြသည်။

ထို့အပြင် ယင်းသက်မဲ့ခန္ဓာကိုယ်ကို သယ်ယူလာသောအခါ အခြားသက်ရှိ Big Foot သုံးကောင်ကိုလည်း တွေ့မြင်ခဲ့ရကြောင်း ပြောကြားသည်။

မင်နီဆိုတာတက္ကသိုလ်မှ ဇီဝဗေဒပညာရှင်ကတ်နယ်လ်ဆန်က ၎င်းသတ္တဝါကြီး၏ အသားစကို ဒီအင်န်အေ (DNA)စမ်းသပ်စစ်ဆေးထားသောအဖြေများကိုလည်း ၎င်းပုဂ္ဂိုလ်နှစ်ဦးက ယူဆောင်လာခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် တင်ပြထားသော Big Foot ၏ သက်မဲ့ခန္ဓာကိုယ်ဓာတ်ပုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မစ္စတာ နယ်လ်ဆန်၏ အဆိုအရ ပထမစမ်းသပ်ချက်သည် လူသားဒီအင်န်အေကိုပြကြောင်း၊ ဒုတိယစမ်းသပ်ချက်သည် ရှင်းလင်းပြတ်သားမှုမရှိ၍ ဆုံးဖြတ်မရကြောင်း၊ တတိယတစ်ခုမှာ အဆိုပါ သတ္တဝါကြီးစားထားသော သားပိုက်ကောင်ကဲ့သို့သော သတ္တဝါတစ်ကောင်၏ ဒီအင်န်အေဖြစ်ကြောင်း သိရသည်။

Big Foot ကို ပစိဖိတ် အနောက်မြောက်ပိုင်း တောတောင်များတွင် လှည့်လည် သွားလာနေသော လူနှင့်ပုံသဏ္ဌာန်တူသော သတ္တဝါကြီးဟု ပြောဆိုကြသည်။

Big Foot နှင့် ပတ်သက်၍ ၁၈၁၁ ခုနှစ်တွင် ကနေဒါကုန်သည်တစ်ဦးက ပထမဆုံးအကြိမ် ၎င်း၏ တွေ့ရှိချက်များကို ပုံနှိပ်ဖော်ပြခဲ့သည်။

၁၉၅၈ ခုနှစ် ရောက်သောအခါ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကြီးမားသော ခြေရာကြီးများ တွေ့ရှိရကြောင်း သတင်းများ ဖော်ပြခဲ့သည်။

၂၀၀၂ ခုနှစ်တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်သော မစ္စတာရေးဝေါလ်လေ့စ်က ထိုခြေရာကြီးများကို ၎င်းက အတုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

၁၉၆၇ ခုနှစ်တွင် ခြေရာကြီးများ သတင်းသည် အကျော်ကြားဆုံး ဖြစ်လာပြီး ထိုအချိန်မှစ၍ အငြင်းအခုံ ဖြစ်လာခဲ့သည်မှာ ယခုထက်တိုင် အဆုံးမသတ်နိုင်သေးသည့် ပဟေဠိတစ်ပုဒ် ဖြစ်နေသည်။

အင်တာနက်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် ထူးချွန်အားကစားသမားများအား ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၀၇-၂၀၀၈ခုနှစ်ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ကြီးဌာနဂုဏ်ဆောင် ထူးချွန်အားကစားသမားများအား ပညာရည်ချွန်ဆုနှင့် အားကစားထူးချွန်ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် ဌာနဆိုင်ရာအကြီးအကဲများက ၂၀၀၇-၂၀၀၈ခုနှစ် ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးရှင်များအား လည်းကောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌဦးသန်းညိန်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေတို့က လေးဘာသာဂုဏ်ထူးရှင်များအား လည်းကောင်း ဆုများပေးအပ် ချီးမြှင့်ကြသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက ငါးဘာသာဂုဏ်ထူးရှင်များနှင့် ခြောက်ဘာသာဂုဏ်ထူးရှင် မစိုးယုနွယ်တို့အား ဆုများပေးအပ် ချီးမြှင့်သည်။

ထို့နောက် ဌာနဆိုင်ရာအကြီးအကဲများက အားကစားထူးချွန်ဆုရ အားကစားသမားများ ဖြစ်ကြသော မသန်စွမ်းအားကစားသမားများနှင့် စားပွဲတင်တင်းနစ်အားကစားသမားများအား ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက ခြင်းလုံးအားကစားသမားများအား လည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ထူးချွန်ဘောလုံး အားကစားသမားများအားလည်းကောင်း ဆုများပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် ပညာရည်ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မစိုးယုနွယ်နှင့် အားကစားထူးချွန်ဆုရ အားကစားသမားများကိုယ်စား ဘောလုံးအသင်းခေါင်းဆောင် စိုးမြတ်မင်းတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၀၇-၂၀၀၈ခုနှစ် ပညာသင်နှစ် ထူးချွန်ကျောင်းသားများ၊ ထူးချွန်အားကစားသမားများ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင်တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ သုံးဘာသာဂုဏ်ထူးရှင် ၁၉ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၉ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး စုစုပေါင်း ၅၂ ဦးနှင့် ဘောလုံး၊ ခြင်းလုံး၊ စက်ဘီး၊ စားပွဲတင်တင်းနစ်၊ မသန်စွမ်း အားကစားသမား ၅၄ ဦးတို့အား ထူးချွန်ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၀၇-၂၀၀၈ခုနှစ်ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ဘဏ္ဍာ/အခွန်)

ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ ပို့ဆောင်ရေးနှင့်သစ်တောရေးရာတို့အနိုင်ရရှိ

နေပြည်တော် ဩဂုတ် ၁၈

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော်ဘောလုံးကွင်းနှင့် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်း အားကစား ပြိုင်ကွင်းတို့၌ ယနေ့ ညနေ ၃နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကွင်း၌ (ဇ)အုပ်စုတွင် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ပေါင်းလောင်း အားကစားပြိုင်ကွင်း၌(ဈ)အုပ်စုတွင် သစ်တောရေးရာ ဝန်ကြီးဌာန ဘောလုံးအသင်းက အမှတ်(၂) စက်မှုဝန်ကြီးဌာန ဘောလုံးအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများယနေ့ပြီးဆုံးသွားပြီဖြစ်ရာ ဒုတိယအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲများကို ဩဂုတ် ၂၅ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၇)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း သုတေသနစာတမ်းများဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ၂၀၀၈ခုနှစ် နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံကို ၂၀၀၉ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်အတွင်း ကျင်းပမည်ဖြစ်၍ အဆိုပါအသင်းသားစုံညီ ညီလာခံကို ကြိုဆိုသောအားဖြင့် အင်ဂျင်နီယာဘာသာရပ်ပေါင်းစုံ စာတမ်းဖတ်ပွဲများကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ တက္ကသိုလ်များလှိုင်နယ်မြေ (လှိုင်မြို့နယ်) ရန်ကုန်မြို့၌ စည်ကားစွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာတမ်းဖတ်ပွဲကို စိတ်ပါဝင်စားသူများအနေဖြင့် မိမိတို့ဖတ်ကြားလိုသော သုတေသနစာတမ်းများ၏ စာတမ်းအကျဉ်းချုပ်ကို စာတမ်းဖတ်ပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတက္ကသိုလ်များ လှိုင်နယ်မြေ(လှိုင်မြို့နယ်)ရန်ကုန်မြို့သို့ လိပ်မူ၍ စက်တင်ဘာ ၃၀ရက်ထက်နောက်မကျစေဘဲ ရုံးချိန်အတွင်းပေးပို့ရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိလိုသည့် အချက်များကို ဒေါ်အေးအေးမော် ရုံးအဖွဲ့မှူး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း- ၅၁၉၆၇၃-၆သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

၂၀၀၈ ဇက်တီအီး စနူကာပြိုင်ပွဲ ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၁၈

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် ZTE, APEX SNOOKER CENTRE တို့ ပူးပေါင်းကျင်းပသည့် 2008-ZTE, DOUBLE SNOOKER TOURNAMENT ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ APEX SNOOKER CENTRE၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အမှုဆောင်များ၊ APEX SNOOKER CENTRE မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး ဦးဇော်လင်းနှင့် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်မောင်ဝင်းတို့ကအမှာစကားပြောကြားကြသည်။ ဆက်လက်၍ZTE Co., မှ MARKETING DIRECTOR MR. TAO YE က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လင်းက ပထမဆုံး CUE ထိုးချက်ဖြင့် ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ (သတင်းစဉ်)

❍ ရွှေတံဆိပ်မှန်းမှ

လျူစီယန်သည် အမျိုးသား မီတာ ၁၁၀တန်းကျော် အိုလံပစ်ချန်ပီယံတစ်ဦးဖြစ်ပြီး တရုတ်ပြည်တွင် ထင်ပေါ်ကျော်ကြားသော အားကစားသမားတစ်ဦးလည်း ဖြစ်သည်။

တနင်္လာနေ့နံနက်တန်းကျော် ပြေးပွဲလူရွေးပွဲတာထွက်စဉ်မှာ ဒဏ်ရာအနာတရဖြစ်ပြီး ငှက်သိုက်အားကစားကွင်းမှ ထွက်ခဲ့ရသည်။

တာထွက်စည်း၌ နေရာယူနေစဉ် ၎င်း၏ မျက်နှာတွင် နာကျင်မှု ဝေဒနာခံစားရဟန်ပေါ်နေပြီး ယိမ်းယိုင်နေသည်။

တာထွက်ရန် သေနတ်ပစ်ဖောက်လိုက်သည့်အခါ ထော့နင်းထော့နင်းနှင့် တာထွက်သည်။ ၎င်းနောက်များယွင်းနေကြောင်းအချက်ပြသည့်သေနတ်သံတစ်ချက် ထပ်ဖောက်သည့်အခါ မတ်တတ်ရပ်လိုက်သည်။

ထို့နောက် ဘောင်းဘီတွင် ကပ်ထားသည့် နံပါတ်စာရွက်ကို ဆုတ်ခွာပြီး ကွင်းအတွင်းမှ ထွက်ခွာသွားချိန်တွင် ပရိသတ်မှာ မှင်တက်မိသွားကြသည်။

ယနေ့နံနက် ပြိုင်ပွဲမစတင်မီမှာ ၎င်း၏ညာဘက်ခြေထောက်မှအရွတ်သည် စိုးရိမ်ဖွယ်ရာပြန်လည်နာကျင်လာခဲ့သည်ဟု မျက်ရည်လည်ရွှဲနှင့် နည်းပြ ဆရာဆန်ဟောပင်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ ထိုပွဲသို့ လျူတက်ရောက်နိုင်ခဲ့ခြင်းမရှိပေ။

လျူကိုအားကစားဆရာဝန်များက ပြုစုကုသပေးလျက်ရှိကြောင်းနည်းပြ ဆရာကရှင်းပြသည်။

အင်တာနက်။

တရုတ်တန်းကျော် အိုလံပစ်ချန်ပီယံ လျူ နာကျင်မှုဝေဒနာခံစားရပြီး လဲကျပုံ၊ ပြိုင်ပွဲမှ ထွက်ပုံတို့ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အလေးမ ၁၀၅ ကီလိုတန်း၌ ရွှေတံဆိပ်ဆုရ ဘီလာရုဇ်မှ အန်ဒရေ အရမ်နော့ဖ် ပြိုင်ပွဲဝင်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉-၈-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်၊ ယောဆရာတော်ကြီး၏ ဥပ္ပာတသန္တိပါဠိတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	**“အလျော်အစား” (အကယ်ဒမီဇင်ဝိုင်း၊ ငွေစင်ထွန်း၊ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)**
၈း၁၀	၆။	အဆိုပြိုင်ပွဲ
၈း၂၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၃၀	၈။	International News.
၈း၄၅	၉။	အကပြိုင်ပွဲ
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၃၀	၃။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄း၃၀	၄။	အတီးပြိုင်ပွဲ
၄း၃၅	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၄း၄၀	၆။	**“ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ်” (လွင်မိုး၊ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ်) (ဒါရိုက်တာ-စိုးကျော်ဆန်း)**
၅း၀၀	၇။	ကြေးမုံရိပ်သွင် တေးနုယဉ်
၅း၀၅	၈။	အဆိုပြိုင်ပွဲ
၅း၂၀	၉။	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၃၀	၁၁။	မိုးလေဝသအခြေအနေ
၆း၃၅	၁၂။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀	၁၃။	သုတစုံလင်ရွှေညာဏ်ရှင်
၇း၁၅	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ပန်းပျိုးလက်” (အပိုင်း-၂)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ “မျက်ဝန်းရိပ်” (အပိုင်း-၂)**
	၁၉။	အစီအစဉ်ပြီး၏။

သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက် အခြေခံပညာမူလတန်းကျောင်း(ဂျမား)၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၅ ရက်ကကျင်းပရာ စတုတ္ထတန်းတွင် ပထမဆုရရှိသော မစန်းသီရိအောင်အား ကျောင်းအုပ်ဆရာကြီးဦးကျော်ဝင်း ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ဘရာဇီးတွင် ကဇာတ်ရုံမီးလောင်

ဘရာဇီးလီးယား ဩဂုတ် ၁၈

ဘရာဇီးနိုင်ငံတောင်ပိုင်းဆော်ပေါ်လိုမြို့ရှိ ကာလ်ချားအာတစ်တီကာ ပြဇာတ်ရုံတွင် ဩဂုတ် ၁၇ရက်က မီးလောင်မှု ဖြစ်ပွားသည်။

ကမ္ဘာ့စံတော်ချိန်နံနက်၇နာရီခန့်တွင် မီးလောင်မှုစတင်ဖြစ်ပွားပြီး ကမ္ဘာစံတော်ချိန် နံနက် ၁၁နာရီ ၄၅မိနစ်ခန့်တွင်မီးကိုထိန်းချုပ်လိုက်နိုင်ကြောင်း သိရသည်။ မီးတောက်သည် မီတာ ၂၀ ခန့်အမြင့်အထိ တက်လာပြီး မီးခိုးလုံးကြီးများလည်းထွက်လာသည်ကို တွေ့ကြရသည်။

ပရိသတ် ၁၁၅၆ဦးကြည့်ရှုနိုင်သော တတိယထပ်ရှိ ပြဇာတ်ခန်းမကြီးမှာ ဆိုးဆိုးဝါးဝါး ပျက်စီးသွားသည်။ ***အင်တာနက်။***

ပါကစ္စတန်နိုင်ငံတွင် လူမျိုးစုတိုက်ပွဲများ ထပ်မံဖြစ်ပွား

အစ္စလာမ္မာဘတ် ဩဂုတ် ၁၈

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ လူမျိုးစုများနေထိုင်ရာဒေသဖြစ်သည့် ကူရန်ဒေသတွင် တိုက်ပွဲထပ်မံဖြစ်ပွားသဖြင့် အနည်းဆုံး ၂၃ ဦး သေဆုံးပြီး ၂၅ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက တနင်္ဂနွေနေ့တွင် ထုတ်လွှင့်ခဲ့သည်။

၁၁ရက်အကြာတိုက်ပွဲဖြစ်ပွားပြီးနောက် သေဆုံးသူဦးရေမှာ ၁၉၄ဦးနှင့် ဒဏ်ရာရရှိသူ ၂၈၆ဦးထိ မြင့်တက်လာခဲ့ကြောင်း အဆိုပါရုပ်မြင်သံကြားဌာနက ဖော်ပြသည်။

တိုက်ပွဲသည် စနေနေ့ညတွင် ပိုမိုပြင်းထန်စွာဖြစ်ပွားခဲ့ပြီး အဆိုပါဒေသတွင် နေထိုင်သော အခြားလူမျိုးစုဝင် နှစ်ဒါဇင်ကျော်တို့နေထိုင်ရာ အိမ်များအားလုံးနီးပါး ပျက်စီးဆုံးရှုံးခဲ့သည်။

နှစ်ဖက်စလုံးမှ လက်နက်ကြီးများကို အသုံးပြုသဖြင့် ရာပေါင်းများစွာသော မိသားစုများသည် အခြားဒေသများသို့ ထွက်ပြေးသွားခဲ့ကြသည်။

အဆိုပါတိုက်ခိုက်ရေးသမားများသည် အစိုးရ၏ တိုက်ပွဲကိုအဆုံးသတ်ရန် နောက်ဆုံးသတိပေးချက်အပေါ် အရေးမထားဘဲ ဆက်လက်တိုက်ခိုက်လျက်ရှိကြောင်း သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဩစတြေးလျကွန်တပ်စ် လေကြောင်းလိုင်းပိုင် လေယာဉ်ခြောက်စင်း စက်ပိုင်းဆိုင်ရာနှင့် ကိုယ်ထည်ကြံ့ခိုင်မှုများ စစ်ဆေးရန်ပျံသန်းမှုရပ်ဆိုင်းထား

ဆစ်ဒနီ(ဩစတြေးလျ) ဩဂုတ် ၁၈

ဩစတြေးလျနိုင်ငံ၏ နာမည်ကြီး လေကြောင်းလိုင်းတစ်ခုဖြစ်သည့် ကွန်တပ်စ်လေကြောင်းလိုင်းအနေဖြင့် ၎င်းပိုင်လေယာဉ်ခြောက်စင်းအား စက်ပိုင်းနှင့်ကိုယ်ထည်ပိုင်းဆိုင်ရာ ထိန်းသိမ်းမှုတွင် အားနည်းသည့် အခြေအနေများရှိနေသည်ဟုသိရှိရပြီးနောက် အဆိုပါလေယာဉ်များအား ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးကြည့်ရှုသွားမည်ဖြစ်ကြောင်း လေကြောင်းလုံခြုံရေးအဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ကွန်တပ်စ်လေကြောင်းလိုင်းသည် အင်္ဂါနေ့ညက ပျံသန်းမည့် လေယာဉ်ခရီးစဉ်သုံးခုအား ဖျက်သိမ်းရသည်။ ပြီးခဲ့သည့်လအတွင်းက ကွန်တပ်စ်လေယာဉ်တစ်စင်း၏ ကိုယ်ထည်အတွင်း ပျံသန်းနေစဉ် အပေါက်ကြီးဖြစ်ပေါ်သွားသောကြောင့် မနီလာမြို့တွင် အရေးပေါ်ဆင်းသက်လိုက်ရသည့်အဖြစ်နှင့်ကြုံရပြီးနောက် ပျံသန်းမှုဖျက်သိမ်းရသည့် အခြေအနေထပ်မံ ကြုံတွေ့ရခြင်းဖြစ်သည်။

သို့ဖြစ်ရာ အဆိုပါ ဘီ ၇၃၇-၄၀၀ အမျိုးအစားလေယာဉ် ခြောက်စင်းအား ပျံသန်းမှုမှ ခေတ္တရပ်နားထားမည်ဖြစ်သည်။ ယင်းသို့ ရပ်နားထားစဉ် လေယာဉ်များကို သေချာစွာ စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ယခုကိစ္စသည် မှတ်တမ်းမှတ်ရာ ပြုစုထားရှိမှုအပိုင်း အားနည်းချက်အရ လုပ်ရခြင်းဖြစ်သည်။ လေယာဉ်များ၏ လုံခြုံစိတ်ချရမှုနှင့် မသက်ဆိုင်ပါဟု ကွန်တပ်စ်လေကြောင်းလိုင်း၏ အင်ဂျင်နီယာဌာနမန်နေဂျာ ဒေးဗစ်ကောက်စ်က ပြောကြားသည်။ ***အင်တာနက်။***

လေယာဉ်ပြုပြင်ထိန်းသိမ်းမှုနှင့်ပျံသန်းစဉ် အခက်အခဲများ မကြာခဏ ကြုံတွေ့နေရသော ဩစတြေးလျနိုင်ငံ ကွန်တပ်စ်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ဆစ်ဒနီလေဆိပ်မှ ပျံတက်နေသည်ကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ ဒုက္ခသည်စခန်းတစ်ခုကို ဩဂုတ် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ထိုင်းကုန်တင်သင်္ဘောအား ဆိုမာလီယာပင်လယ်ဓားပြများ ဖမ်းဆီး

ဗန်ကောက် ဩဂုတ် ၁၈

ကမ္ဘာ့ ရေကြောင်းလမ်းတွင် အန္တရာယ်အများ ဆုံးဒေသတစ်ခုဖြစ်သော အေဒင်ပင်လယ်ကွေ့၌ထိုင်းကုန်တင်သင်္ဘောတစ်စင်းကို ဆိုမာလီယာပင်လယ်ဓားပြများကဖမ်းဆီးသွားကြောင်း၊ ယင်းသင်္ဘောပေါ်၌သင်္ဘောအမှုထမ်း ၂၈ ဦး ပါရှိကြောင်း သင်္ဘောပိုင်ရှင်က သောကြာနေ့တွင် ပြောကြားသည်။

အဆိုပါ အမ်ဗီသိုစတားကုန်တင်သင်္ဘောသည် အထပ်သားများ တင်ဆောင်လာပြီး ယီမင်နိုင်ငံ အေဒင်ဆိပ်ကမ်းသို့ ခုတ်မောင်းလာစဉ် ဩဂုတ် ၁၂ ရက်က ဆိုမာလီယာပင်လယ်ဓားပြ၏ဖမ်းဆီးခြင်းခံရသည်။ နောက်နေ့တွင် ပင်လယ်ဓားပြများက ဆက်သွယ်မှုပြုလုပ်ပြီး သင်္ဘောအမှုထမ်းများအားလုံး ဘေးကင်းလုံခြုံစွာရှိကြောင်း သင်္ဘောကုမ္ပဏီက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ချီကူဂွန်ညာအဖျားရောဂါဖြစ်ပွားသူကိုးဦး စင်ကာပူတွင် တွေ့ရှိရ

စင်ကာပူ ဩဂုတ် ၁၈

စင်ကာပူနိုင်ငံတွင်ဩဂုတ်၁၆ရက်က ချီကူဂွန်ညာ အဖျားရောဂါရှိသူလူနာအသစ်ကိုးဦးကို ထပ်မံတွေ့ရှိရသည်။ အထက်ပါ လူနာများနှင့်ပါပေါင်းလိုက်လျှင် ယင်းရောဂါဖြစ်ပွားသူဦးရေသည် စင်ကာပူ၌ ယခုနှစ်တွင် ၁၁၇ဦး ရှိသွားပြီဖြစ်သည်။

ချီကူဂွန်ညာ အဖျားရောဂါသည် ခြင်မှတစ်ဆင့် ကူးစက်ဖြစ်ပွားသော ရောဂါဖြစ်သည်။ စင်ကာပူတွင် တွေ့ရသောဖော်ပြပါ အဖျားရောဂါသည်များအနက် ၅၄ ဦးမှာ မလေးရှား၊ အင်ဒိုနီးရှားနှင့် သီရိလင်္ကာစသော နိုင်ငံများသို့ ခရီးသွားရာမှ ရရှိလာခြင်းဖြစ်သည်ဟု စနေနေ့တွင်ထုတ်ပြန်သောချယ်နယ် နယူးအေရှသတင်းက ဖော်ပြသည်။

ယခုအသစ်တွေ့ရသော ချီကူဂွန်ညာအဖျားရောဂါသည်အသစ်ကိုးဦးမှာ ပြည်တွင်း၌သာ ကူးစက်ခြင်းဖြစ်သည်ဟု ဆိုသည်။ အကြောင်းမှာ ၎င်းတို့ကိုးဦးသည် ပြည်ပသို့ ခရီးသွားခဲ့သူများ မဟုတ်၍ ဖြစ်သည်ဟုဆိုသည်။

စင်ကာပူနိုင်ငံသည် ခြင်မှတစ်ဆင့်ကူးစက်သော ရောဂါများကိုပပျောက်သွားစေရန် တိုက်ဖျက်နေသည်မှာ ဆယ်စုနှစ်များစွာ ကြာမြင့်နေပြီဖြစ်ကြောင်း စင်ကာပူ ကျန်းမာရေးဝန်ကြီးကော်ဗွန်ဝန်၏ ပြောကြားချက်ကို ကိုးကား၍ မီဒီယာသတင်းတွင် ဖော်ပြသည်။

ထိုရောဂါများ ပပျောက်စေရန် ကျွန်ုပ်တို့အနေဖြင့် မိမိတို့၏သဘာဝဝန်းကျင်တွင် တစ်ကိုယ်ရေသန့်ရှင်းမှုအဆင့်အတန်း မြင့်မားနေစေရန် ထိန်းသိမ်းသွားရန် လိုအပ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပေကျင်းအိုလံပစ် ပွဲတော်ကျင်းပလျက်ရှိသည့် တရုတ်နိုင်ငံ ပေကျင်းမြို့အား ဩဂုတ် ၁၆ ရက်က ဝေဟင်မှ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကာရစ်ဘီယံ ကျွန်းစုနိုင်ငံများအား ဖေးအမည်ရှိ အပူပိုင်းမုန်တိုင်းတိုက်ခတ်၊ လေးဦးသေဆုံး

မက္ကစီကို ဩဂုတ် ၁၈

ဟေတီနိုင်ငံနှင့် ဒိုမီနီကန်သမ္မတနိုင်ငံများတွင် ဖေးအမည်ရှိ အပူပိုင်းမုန်တိုင်း ပြင်းထန်စွာတိုက်ခတ်သဖြင့် ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ပြီး အနည်းဆုံး လေးဦးသေဆုံးခဲ့ကြောင်းဒေသဆိုင်ရာ သတင်းများက စနေနေ့တွင်ထုတ်ပြန်ကြေညာသည်။

ပျက်စီးဆုံးရှုံး

အဆိုပါမုန်တိုင်းသည် စနေနေ့က လိုဂင်းန်မြစ်ကို ဖြတ်ကျော်စဉ် ဟေတီနိုင်ငံသားတစ်ဦး သေဆုံးခဲ့ရပြီး ၎င်းမုန်တိုင်းကြောင့် အင်န်တီဘိုင်ဒိုနိတ်မြစ်အတွင်း၌ မြစ်ရေလျှံမှုဖြစ်ပွားကာ မြစ်ကြောင်းတစ်လျှောက်ရှိ ယာမြေများနှင့် ငှက်ပျောစိုက်ခင်းများအားလုံး ပျက်စီးဆုံးရှုံးခဲ့သည်။

ဖော်ပြ

တစ်ဆက်တည်းမှာပင် ဒိုမီနီကန်သမ္မတနိုင်ငံမှ အသက် ၃၄နှစ်အရွယ် အမျိုးသမီး တစ်ဦးနှင့် အသက် ၁၃နှစ်အရွယ် တူမလေး၊ အသက် ၅နှစ်အရွယ်တူလေးတို့သည် ရေစီးတွင် မျောပါသေဆုံးခဲ့ရပြီး ၎င်း၏ခင်ပွန်းဖြစ်သူ တစ်ဦးတည်းသာ အသက်ရှင် ကျန်ရစ်ခဲ့ရကြောင်း သတင်းများက ဖော်ပြသည်။

အဆိုပါမုန်တိုင်းသည် ကျူးဘားကျွန်းနိုင်ငံ၏ မြို့တော် ဟာဗားနားသို့ ဦးတည်နေပြီး အန္တရာယ်ရှိကြောင်း သတိပေးချက်များ ထုတ်ပြန်ထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဒူဘိုင်းစိန် ရောင်းဝယ်မှု တိုးတက်လာ

အဘူဒါဘီ ဩဂုတ် ၁၈

ဒူဘိုင်းနိုင်ငံ၏ စိန်ရိုင်းဈေးကွက်သည် ၂၀၀၈ ခုနှစ်၏ ပထမလေးလပတ်ကာလအတွင်း အမေရိကန်ဒေါ်လာ ၃ဒသမ ၀၃ ဘီလီယံအထိ အရောင်းအဝယ်ဖြစ်ခဲ့သဖြင့် ပြီးခဲ့သည့်နှစ် အလားတူ ကာလကထက် ၃၆ရာခိုင်နှုန်းပိုမိုတိုးတက်လာကြောင်း ဒူဘိုင်းစိန်ရောင်းဝယ်ရေးဌာန(ဒီဒီအီး)က ဩဂုတ် ၁၆ ရက်တွင် ထုတ်ပြန်သည်။

ဒူဘိုင်းနိုင်ငံသို့ ၂၀၀၈ခုနှစ် ပထမခြောက်လအတွင်း စိန်ရိုင်းတင်သွင်းမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ ဘီလီယံရှိရာ ၂၀၀၇ ခုနှစ် အလားတူ ကာလကထက် ၂၃ ရာခိုင်နှုန်း ပိုမိုတိုးတက်လာသည်ဟုဆိုသည်။

ဒူဘိုင်းမှ ၂၀၀၈ခုနှစ်တွင် စိန်ရိုင်းတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၈ ဘီလီယံဖိုးအထိ ရှိလာရာ ယခင်နှစ်အလားတူအချိန်ကထက် တင်ပို့မှုတွင် ၄၄ရာခိုင်နှုန်း ပိုမိုလာသည်ကို တွေ့ရသည်။

ဒူဘိုင်းနိုင်ငံနှင့် အဓိက စိန်ရောင်းဝယ်သော နိုင်ငံများမှာ အင်ဂိုလာ၊ အိန္ဒိယ၊ တရုတ်နိုင်ငံတို့အပြင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများလည်း ပါဝင်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျော်ဂျီယာနှင့် ရုရှားတို့ စစ်ပြေငြိမ်းရေး လက်မှတ်ရေးထိုးပြီးနောက် ရုရှားသံချပ်ကာယာဉ်များ ဂျော်ဂျီယာနိုင်ငံ အိုဂျီဆာနီဒေသတွင်းမှ ဖြတ်သန်းထွက်ခွာသွားသည်ကို ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျော်ဂျီယာမှ ရုရှားတပ်ဖွဲ့များ ထွက်ခွာ ရုရှားရှေ့တန်းတပ်မှူးတစ်ဦး ပြောကြား

ဂိုရီ (ဂျော်ဂျီယာ) ဩဂုတ် ၁၈

ရုရှားတပ်ဖွဲ့များသည် ဂျော်ဂျီယာနိုင်ငံတွင်းမှ စတင်ထွက်ခွာနေပြီဖြစ်ကြောင်း ရုရှားရှေ့တန်းတပ်မှူး ဗိုလ်ချုပ် ဗရာဂျီစလမ်ဘော်ရီဆောဗ်က ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်သည် တပ်များကို ထွက်ခွာရန် အမိန့်ပေးပြီးဖြစ်၍ ယခုအခါ ရုရှားတပ်များသည် ထွက်ခွာနေကြပြီဖြစ်ကြောင်း ဘော်ရီဆောဗ်က ပြောကြားသည်။

ဂိုရီမြို့စစ်ဆေးရေးဂိတ်တွင်ရှိသော ရုရှားတပ်ဖွဲ့ဝင် အရေအတွက်သည် ယခင်ကထက် လျော့နည်းသွားသည်ကို တွေ့ရသည်ဟု မီဒီယာသမားတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဇူလိုင်လတွင် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၅၁သန်း အိုဘားမား ရရှိ

ဝါရှင်တန် ဩဂုတ် ၁၈

အမေရိကန်ပြည်ထောင်စု ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဘာရက်အိုဘားမားသည် အလှူရှင်အသစ် ၆၅၀၀၀ ထပ်မံရရှိလာသည်။ ၎င်းဇူလိုင်လအတွင်း ကောက်ခံရရှိသော ရန်ပုံငွေသည် အမေရိကန်ဒေါ်လာ ၅၁ သန်းရရှိကြောင်း ၎င်း၏မဲဆွယ်စည်းရုံးရေးအဖွဲ့က စနေနေ့တွင် ပြောကြားသည်။

ရီပတ်ဘလီကန်ပါတီမှ ဂျွန်မက်ကိန်းသည် ဇူလိုင်လအတွင်း ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၇ သန်း ရရှိကြောင်း၊ အများဆုံးရရှိသောလဖြစ်ကြောင်း၊ ၎င်းယှဉ်ပြိုင်ဘက်နှင့် ရန်ပုံငွေကွာဟနေသော အခြေအနေကို ကျဉ်းမြောင်းသွားအောင် စည်းရုံးနိုင်လိမ့်မည်ဖြစ်ကြောင်း ယူဆလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန် စီးပွားရေးလုပ်ငန်းရှင်နှစ်ဦး အာဖဂန်နစ္စတန်၌ ပြန်ပေးဆွဲခံရ

ကဘူးလ် ဩဂုတ် ၁၈

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟာရတ်ပြည်နယ်တွင် အမည်မသိ သေနတ်သမားများက အီရန်စီးပွားရေး လုပ်ငန်းရှင် နှစ်ဦးအား ပြန်ပေးဆွဲခဲ့ကြောင်း၊ ၎င်းတို့၏ နေရာကို မသိရှိသေးကြောင်း ရဲတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

ဩဂုတ် ၁၃ ရက် မွန်းလွဲပိုင်းက ဟာရတ်နှင့် အစ္စလာမ်ကွာလာနယ်စပ်မြို့အကြားရှိ လမ်းပေါ်တွင် ရီဇာအဇမ်ရန်နှင့် ဟာဆန်ဖာစီတို့အား အမည်မသိ သေနတ်သမားများက ဒေသတစ်ခုသို့ ခေါ်ဆောင်သွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြန်ပေးဆွဲခြင်းခံရသူ နှစ်ဦးစလုံးသည် ဟာရတ်ပြည်နယ်တွင် တာ့မာန်ဒီအဝေးပြေးလမ်း ဖောက်လုပ်နေသည့် အီရန်နိုင်ငံလမ်းဖောက်လုပ်ရေးကုမ္ပဏီအတွက် အလုပ်လုပ်နေသော စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်သည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်မိခင်တစ်ဦး ကလေးခြောက်ယောက် တစ်ပြိုင်တည်း မွေးဖွား

ဘဂ္ဂဒက် ဩဂုတ် ၁၈

အီရတ်နိုင်ငံတောင်ပိုင်းနာဆီရီယာမြို့တွင် မိခင်တစ်ဦးသည် သားသမီးခြောက်ဦး တစ်ပြိုင်တည်း မွေးဖွားကြောင်း ပြည်တွင်းသတင်းဌာနများက စနေနေ့တွင် ဖော်ပြသည်။

နာဆီရီယာမြို့ ဆေးရုံတစ်ရုံတွင် ဆေးပစ္စည်းကိရိယာ အစုံအလင်မရှိသဖြင့် မွေးဖွားပြီး မကြာမီမှာပင် ကလေးနှစ်ဦးမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာကြောင့် သေဆုံးသွားခဲ့ရသည်။

ယောကျ်ားလေးနှစ်ဦးနှင့်မိန်းကလေးနှစ်ဦး အသက်မသေဘဲ ကျန်ရှိသည်။

မိခင်ဖြစ်သူ အီတီစန်နာဂျင်မှာ ကလေးခြောက်ယောက်အားကျွေးမွေးပြုစုစောင့်ရှောက်ရမည့် တာဝန်ကို မည်သို့မည်ပုံ ရင်ဆိုင်ရမည်ဆိုသော ကိစ္စအား စဉ်းစားမရနိုင်အောင် ဖြစ်နေသည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

သမ္မတ မူရှာရက်ဖ် ရာထူးမှ နုတ်ထွက်

အစ္စလာမ္မာဘတ် ဩဂုတ် ၁၈

ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်သည် သမ္မတရာထူးမှ နုတ်ထွက်ကြောင်း တနင်္လာနေ့တွင် ကြေညာလိုက်သည်။ မူရှာရက်ဖ်သည် ပါကစ္စတန်သမ္မတအဖြစ် ၂၀၀၂ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့မှစတင်၍ တာဝန်ထမ်းဆောင်ခဲ့သည်မှာ မနုတ်ထွက်မီအချိန်ထိဖြစ်သည်။

၂၀၀၂ ခုနှစ် ဇန်နဝါရီလတွင် ပါကစ္စတန်နိုင်ငံအတွင်းအစွန်းရောက်ဝါဒီများကို နှိမ်နင်းခဲ့သည်။

၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် သမ္မတအဖြစ် ပြန်လည်အရွေးခံရပြီး စစ်ဘက်အကြီးအကဲရာထူးမှနုတ်ထွက်ခဲ့သည်။ ***အင်တာနက်။***

ကြေးမုံ The Mirror

နိုင်ငံတကာသတင်းများ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ခရီးသည်များ လိုက်ပါလာသည့် ဘတ်စ်ကားအား အသေခံကားဗုံးဖြင့် ဝင်တိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်၌မတော်တဆဖြစ်ပွားမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ဩဂုတ်၁၆ ရက်တွင် ပြောကြားသည်။ ၎င်းတပ်ဖွဲ့ဝင်သည် ဘဂ္ဂဒက်မြို့တွင် ဩဂုတ် ၁၅ ရက်က သေဆုံးသွားခြင်းဖြစ်သည်။ အသေးစိတ်အကြောင်းအချက်ကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိချေ။ ယင်းမတော်တဆဖြစ်ပွားမှုကို စုံစမ်း စစ်ဆေးလျက်ရှိကြောင်းသာပြောကြားသည်။

ယခုလအတွင်းအီရတ်နိုင်ငံတွင် စစ်ဘက်ဝန်ထမ်းများသေဆုံးမှုသည် ၁၆ ဦးထိရှိပြီဖြစ်သည်။ ဇူလိုင်လတွင် အီရတ်၌ အမေရိကန်တပ်ဖွဲ့သေဆုံးသူ စုစုပေါင်း ၁၃ဦးဖြစ်သဖြင့် မှတ်တမ်းအရ သေဆုံးမှုအနည်းဆုံးလဖြစ်ကြောင်း အမေရိကန်တပ်ဖွဲ့များသေဆုံးမှု မှတ်တမ်းတင်ထားသော ဝက်ဘ်ဆိုဒ်တစ်ခုက ဖော်ပြသည်။ ယင်းဝက်ဘ်ဆိုဒ်မှတ်တမ်းအရ အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော ကျူးကျော်စစ်စတင်ဖြစ်ပွားခဲ့သည့်အချိန်မှစ၍ ၂၀၀၄ခုနှစ် နိုဝင်ဘာလသည် အမေရိကန်တပ်ဖွဲ့ သေဆုံးမှု အများဆုံးလဖြစ်သည်။ ထိုလ၌ တပ်ဖွဲ့ဝင် ၁၃၇ ဦး သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အဖွဲ့ဝင် ၂၄ဦး ပါဝင်သော နီပေါအစိုးရသစ်ဖွဲ့စည်း

ခတ္တမန္ဒူ ဩဂုတ် ၁၈

နီပေါ အစိုးရသစ်ကို ဩဂုတ် ၁၅ ရက်က ဝန်ကြီးအဖွဲ့ဝင် ၂၄ ဦး ပါဝင်သည့်အဖွဲ့ဖြင့် ဖွဲ့စည်းရန် စနေနေ့ကဆုံးဖြတ်ခဲ့ကြကြောင်းဒေသဆိုင်ရာ မီဒီယာများက ဖော်ပြသည်။

အဆိုပါသတင်းအား ထိပ်တန်းခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပြီးနောက် နီပေါကွန်မြူနစ်ပါတီမှ အကြီးအကဲဖြစ်သူ ဘက်ဘာရန်ဘာတာရာရီကသတင်းစာရှင်းလင်းပွဲတွင်ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် နီပေါကွန်မြူနစ်ပါတီဥက္ကဋ္ဌဖြစ်သူပါရာချန်ဒါအားအခြားပါတီများ၏ထောက်ခံမှုဖြင့် နီပေါဒီမိုကရေစီဖော်ဆောင်ရေး ဥပဒေပြုလွှတ်တော်အဖွဲ့၏ ပထမဆုံး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။

အဆိုပါအစိုးရသစ် ဖွဲ့စည်းခြင်းနောက်ဆုံး သဘောတူညီချက်အား တနင်္ဂနွေနေ့တွင် မဲခွဲ၍ ဆုံးဖြတ်အတည်ပြုပြီး အခြားပါတီ အများစုမှလည်း အစိုးရအဖွဲ့နှင့် လာရောက်ပူးပေါင်းမည်ဟု ယူဆရကြောင်း သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နီပေါနိုင်ငံ မြို့တော် ခတ္တမန္ဒူတွင် ပြုလုပ်သော တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်လာသည့် နီပေါ ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ ပါရာ ချန်ဒါ(ဝဲ)အား ဩဂုတ် ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပူထရာဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာအသင်း ပါဝင်ယှဉ်ပြိုင်ရန် ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၈

၂၀၀၈ ခုနှစ် ဩဂုတ် ၂၆ ရက်မှ ၂၉ ရက်အထိ စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် (၄၈) ကြိမ်မြောက် ပူထရာဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အတွက် မြန်မာဂေါက်သီးရိုက်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း ခေါင်းဆောင်သော မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်အသင်းသည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်အသင်းတွင်အုပ်ချုပ်သူအဖြစ်မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်၊ နည်းပြအဖြစ် ဦးကိုကိုလေး၊ မြန်မာ့လက်ရွေးစင်များအဖြစ် အောင်ဝင်း၊ ဘိုဘိုလေး၊ နေဗလဝင်းမြင့်၊ စိုးမိုးဝင်းနှင့် ရန်နိုင်ဖြိုးတို့ပါဝင်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

(၄၈) ကြိမ်မြောက် ပူထရာဖလား ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်အသင်း စင်ကာပူသမ္မတနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌တွေ့ရစဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

○ **မာဒေးကားဖလားမှ**

ဦးအောင်ထွန်းထွန်းက ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ပြည်တွင်း၌ သဲသောင်ပြင် ဘောလုံးအားကစားနည်း ကျယ်ပြန့်စွာ ပေါ်ထွန်းလာစေရန် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ သဲသောင်ပြင် ဘောလုံးကွင်းများတည်ဆောက်လျက်ရှိသည်။ အောက်တိုဘာလအတွင်း ယှဉ်ပြိုင်ရန်ရှိသည့် အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲ၌ပါဝင်ယှဉ်ပြိုင်ရန်ကြိုတင်ပြင်ဆင်မှုအနေဖြင့် စိတ်ပါဝင်စားသူ ဘောလုံးသမားများအပြင် ပြင်ပမှ ဝါသနာရှင်များကိုပါ ဖိတ်ခေါ်၍ လူရွေးချယ်စမ်းသပ်လေ့ကျင့်မှုများ ပြုလုပ်ပေးနေကြောင်း သိရှိရသည်။

မာဒေးကား သဲသောင်ပြင် ဘောလုံးပြိုင်ပွဲဝင်မည့် မြန်မာအသင်း။ (ကြေးမုံ)

မာဒေးကားပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် သဲသောင်ပြင်ဘောလုံးအသင်းတွင် အုပ်ချုပ်သူ ဦးစိုးမြင့်လွင်၊ နည်းပြ ဦးအောင်ထွန်းထွန်း၊ ကစားသမားများအဖြစ် တင်အောင်မိုး (လယ်/ဆည်)၊ ထက်အောင် (ပို့ဆောင်ရေး)၊ ရဝေဇင်-ဂိုး (ကမ္ဘောဇ)၊ မျိုးလှိုင်ဦး(စီးပွား/ကူးသန်း)၊ အောင်သန်းဝင်း(ကမ္ဘောဇ)၊ သီဟ (လယ်/ဆည်)၊ နေဇော်ထက် (ကမ္ဘောဇ)၊ ဝင်းမင်းထွဋ် (ပို့ဆောင်ရေး)၊ ဉာဏလွင်(ကမ္ဘောဇ)နှင့် ခိုင်စိုးထွန်း-ဂိုး (စွမ်းအင်) တို့ ပါဝင်ကြသည်။ (ကြေးမုံ)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Han Sein Thant Engineering & Trading ၏ ပံ့ပိုးကူညီမှုဖြင့် ဩဂုတ် ၂၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ အနုပညာရှင် ဦးကျော်ဟိန်းက အမှိုက်ထဲကရွှေ ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

၂၀၀၈ ပေကျင်း အိုလံပစ်ပြိုင်ပွဲ ရလဒ်များ

၂၀၀၈ ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲများမှ ယနေ့ ထွက်ပေါ်လာသော ရလဒ်များမှာ-

အမျိုးသမီး သံပြားပစ် ဗိုလ်လုပွဲ

ရွှေ - စတတ်ဖနီထရာတွန်(အမေရိကန်) ၆၄ ဒသမ ၇၄ မီတာ
ငွေ - ယာအီးစ်ဘားရို့စ်(ကျူးဘား) ၆၃ ဒသမ ၆၄ မီတာ
ကြေး - အိုလီနာ အန်တိုနိုဗာ(ယူကရိန်း) ၆၂ ဒသမ ၅၉ မီတာ

အမျိုးသား မီတာ ၃၀၀၀ အခက်အခဲတားဆီးကျော်ပြေးပွဲ ဗိုလ်လုပွဲ

ရွှေ - ဘရိမင်ကီပရော့ကီပရူတို(ကင်ညာ) ၈ မိနစ် ၁၀ ဒသမ ၃၄ စက္ကန့်
ငွေ - မဟိအင်းမဟာစ်စီ(ပြင်သစ်) ၈ မိနစ် ၁၀ ဒသမ ၄၉ စက္ကန့်
ကြေး - ရစ်ချက်ကစ်ကင်းဘွိုင်မကီးလောင်း(ကင်ညာ) ၈ မိနစ် ၁၁ ဒသမ ၀၁ စက္ကန့်

အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ

ခရိုအေးရှား	၉၁-၅၇	အီရန်
ဩစတြေးလျ	၁၀၆-၇၅	လစ်သူရေးနီးယား
ဂရိ	၉၁-၇၇	တရုတ်
စပိန်	၉၈-၅၀	အန်ဂိုလာ

အမျိုးသားစက်ဘီးအသင်းလိုက်(အမီလိုက်) ဗိုလ်လုပွဲ

ရွှေ - ဗြိတိန် ၃ မိနစ် ၅၃ ဒသမ ၃၁၄ စက္ကန့်(ကမ္ဘာ့စံချိန်သစ်)
ငွေ - ဒိန်းမတ် ၄ မိနစ် ၀၀ ဒသမ ၀၄ စက္ကန့်
ကြေး - နယူးဇီလန် ၃ မိနစ် ၅၇ ဒသမ ၇၇၆ စက္ကန့်

အမျိုးသားကျွမ်းဘား (သံကွင်း) ဗိုလ်လုပွဲ

ရွှေ - ချန်ယီဗင်(တရုတ်) ၁၆ ဒသမ ၆၀၀ မှတ်
ငွေ - ယန်ဝေ(တရုတ်) ၁၆ ဒသမ ၄၂၅ မှတ်
ကြေး - အိုလက်စန္ဒြာဗိုရိုဗော့စ်(ယူကရိန်း) ၁၆ ဒသမ ၃၂၅ မှတ်

အမျိုးသားကျွမ်းဘား(မြင်းခုံဘား) ဗိုလ်လုပွဲ

ရွှေ - လမ်စ်ဇက်ဗလာနစ်(ပိုလန်) ၁၆ ဒသမ ၅၃၇ မှတ်
ငွေ - သောမတ်ဘော့ဟော့လ်(ပြင်သစ်) ၁၆ ဒသမ ၅၃၇ မှတ်
ကြေး - အန်တွန်ဂိုလိုဘွတ်ကောဗ်(ရုရှား) ၁၆ ဒသမ ၄၇၅ မှတ်

အမျိုးသမီး တုတ်ထောက်ခုန် ဗိုလ်လုပွဲ

ရွှေ - ယယ်လီနာ အိုင်စင်ဗာယီဗာ (ရုရှား) ၅ဒသမ၀၅မီတာ (ကမ္ဘာ့စံချိန်သစ်)
ငွေ - ဂျနီဖာစကုဇုန်စကီး (အမေရိကန်) ၄ဒသမ၈၀မီတာ
ကြေး - စဗက်လာနား ဖီယိုဖာနိုဗာ (ရုရှား) ၄ဒသမ၇၅မီတာ

အမျိုးသားမီတာ ၄၀၀တန်းကျော်ပြေးဗိုလ်လုပွဲ

ရွှေ - အန်ဂျလို တေလာ (အမေရိကန်) ၄၇ဒသမ၂၅စက္ကန့်
ငွေ - ကာရွန်ကလီးမင့် (အမေရိကန်) ၄၇ဒသမ၉၈စက္ကန့်
ကြေး - ဗားရှောင်းဂျက်ဆန်(အမေရိကန်) ၄၈ဒသမ၀၆စက္ကန့်

အမျိုးသားအလျားခုန်ဗိုလ်လုပွဲ

ရွှေ - အာဗင်ဂျာဟာ ဘာလာဒီနို အရန်ဒါ (ပနားမား) ၈ဒသမ၃၄မီတာ
ငွေ - ကော့ခ်ဆိုဟိုကော့နာ (တောင်အာဖရိက) ၈ဒသမ၂၄မီတာ
ကြေး - အိုင်ဗရာဟင် ကာမီဂျို(ကျူးဘား) ၈ဒသမ၂၀မီတာ

အမျိုးသမီးဘောလုံးပွဲ (ကွာတားဖိုင်နယ်)

ဘရာဇီး	-	၄ - ၁	ဂျာမနီ

သဲသောင်ပြင် အမျိုးသား ဘော်လီဘောကွာတားဖိုင်နယ်

အမေရိကန်	-	၂ - ၀	ဂျာမနီ
ဂျော်ဂျီယာ	-	၂ - ၀	နယ်သာလန်
ဘရာဇီး	-	၂ - ၀	ဩစတြီးယား

အမျိုးသားဘော်လီဘောပြိုင်ပွဲ

ဘူလ်ဂေးရီးယား	-	၃ - ၁	ဗင်နီဇွဲလား

အမျိုးသားအလေးမ ၁၀၅ ကီလိုတန်း ဗိုလ်လုပွဲ

ရွှေ - အန်ဒရေ အရမ်နောဗ် (ဘီလာရုစ်) ၄၃၆ မှတ်
ငွေ - ဒိမိထရီ ကလိုကော့ဗ် (ရုရှား) ၄၂၃ မှတ်
ကြေး - ဒိမိထရီ လာပီကော့ဗ် (ရုရှား) ၄၂၀ မှတ် ***(အင်တာနက်)***

အများအားဖြင့် မုတ်သုံလေအားကောင်းမည်

ရန်ကုန် ဩဂုတ် ၁၈

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်တွင် ၀ဒသမ၄၃လက်မ၊ သံတွဲမြို့တွင် ၅ဒသမ၄၄လက်မ၊ သထုံမြို့တွင် ၄ဒသမ၁၇လက်မ၊ ကျောက်တော်မြို့တွင် ၃ဒသမ၁၉လက်မ၊ မောင်တောမြို့တွင် ၂ဒသမ၈၇လက်မ၊ ခန္တီးမြို့တွင် ၂ဒသမ၆၈လက်မ၊ မော်လမြိုင်မြို့တွင် ၂ဒသမ၄၈လက်မ၊ ကျောက်ဖြူမြို့တွင် ၂ဒသမ၃၂လက်မနှင့် ဘားအံမြို့တွင် ၂ဒသမ၀၁လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်တွင် အများအားဖြင့် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

ဩဂုတ် ၁၉ရက် ညနေထိ ခန့်မှန်းချက်။ ။ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်တွင်နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်။ အများအားဖြင့် မုတ်သုံလေအားကောင်းမည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၂၉ ဒသမ၄ ဒီဂရီစင်တီဂရိတ် (၈၅ ဒီဂရီဖာရင်ဟိုက်) ၁၇-၈-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၆၉ ဒီဂရီဖာရင်ဟိုက်) ၁၈-၈-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း ၁၈-၈-၂၀၀၈
နေပူသည့်နာရီပေါင်း ၀ ဒသမ ၆နာရီခန့် ၁၇-၈-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၈-၈-၂၀၀၈	၁၅မမ	၁၅မမ	၄မမ
	(၀ဒသမ၅၉လက်မ)	(၀ဒသမ၅၉လက်မ)	(၀ဒသမ၁၆လက်မ)
၁-၁-၂၀၀၈မှ	၁၉၁၅ မမ	၂၁၇၂မမ	၂၅၅၇မမ
ယနေ့အထိ	(၇၅ဒသမ၃၉လက်မ)	(၈၅ဒသမ၅၁လက်မ)	(၁၀၀ဒသမ၆၇လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၇-၈-၂၀၀၈ ရက် ၁၈း၃၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

❒ **ကျော့ဖုံးမှ**

အသင်းခေါင်းဆောင် ရီကွဲလ်မီရဲ့ ဦးဆောင်မှုအောက်မှာ လာဗက်ဇီ၊ ဒီမာရီယာနဲ့ အေကောစ့်တာတို့လည်း ခြေစွမ်းပြနေပါတယ်။ ဘရာဇီးမှာတော့ အသင်းခေါင်းဆောင် ရော်နယ်ဒင်ဟိုဟာ လူငယ်တွေရဲ့ လျှင်မြန်မှုအားကို လိုက်ကစားနိုင်တာမတွေ့ရပါဘူး။ ဒါပေမယ့် ဆိုတစ်၊ ပါတို၊ ဗက်စ်နဲ့ သီယေရိုတို့ရှိနေပြီး တစ်ဦးချင်းရော အသင်းလိုက်ပါ ကစားပုံ ညက်ညောလှတာကြောင့် အာဂျင်တီးနားကို ကောင်းကောင်းယှဉ်နိုင်ပါတယ်။ ဘရာဇီး အနည်းငယ်အားသာတဲ့ပွဲ ဖြစ်မှာပါ။

နိုင်ဂျီးရီးယား-ဘယ်လ်ဂျီယံ။ ။အာဖရိကတိုက်က နိုင်ဂျီးရီးယားနဲ့ ဥရောပတိုက်က ဘယ်လ်ဂျီယံတို့ဟာလည်း ခြေညီတဲ့နှစ်သင်းပါ၊ နိုင်ဂျီးရီးယားဟာ အုပ်စုအဆင့်မှာ ဂျပန်နဲ့ အမေရိကန်ကိုနိုင်ပြီး နယ်သာလန်နဲ့ သရေကျခဲ့ပါတယ်။ ကွာတားဖိုင်နယ်မှာ အိုင်ဗရီကို့စ်လိုအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ယူခဲ့တာကြောင့် လျှော့တွက်လို့မရပါဘူး။ အုပ်စုအဆင့်ကပင်ကျော်မယ်လို့ ထင်မထားတဲ့ ဘယ်လ်ဂျီယံကတော့ အုပ်စုပွဲမှာ တရုတ်နဲ့ နယူးဇီလန်ကိုနိုင်ပြီး ဘရာဇီးကို တစ်ဂိုးနဲ့ကပ်ရှုံးခဲ့ပါတယ်။ ကွာတားဖိုင်နယ်မှာတော့ ခြေစွမ်းထက်တဲ့ အီတလီကို တစ်ယောက်လျော့နဲ့ အနိုင်ယူပြခဲ့တဲ့ ဘယ်လ်ဂျီယံတို့ရဲ့ စိတ်ဓာတ်က လေးစားစရာပါ။ စိတ်ဓာတ်ပြင်းထန်ပြီး ခပ်ကြမ်းကြမ်း ခပ်မာမာကစားတတ်တဲ့ နှစ်သင်းတွေ့တာကြောင့်ပွဲကတော့ အကြိတ်အနယ်ရှိမှာသေချာပါတယ်။ ပွဲပယ်ပြစ်ဒဏ်ကြောင့် သောမတ်စ် ဗန်မဲလင်မပါဝင်နိုင်တဲ့ ဘယ်လ်ဂျီယံကို နိုင်ဂျီးရီးယားတို့ ခပ်ပါးပါးလေး အနိုင်ယူပြီး နောက်ဆုံး ဗိုလ်လုပွဲဆီသို့ တက်လှမ်းသွားမယ်လို့ ယူဆရပါတယ်။

လေဘောသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်ရန်ကုန်မြို့သို့ ရောက်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှသံတမန်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ တို့နှင့်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၈

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Ibrahim Agboola Gambari နှင့်အဖွဲ့သည် ယနေ့ နံနက်၉နာရီ၁၅မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိသည်။

ထို့နောက် Mr. Gambari သည် မွန်းလွဲ၁နာရီတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းနှင့်လည်းကောင်း၊ မွန်းလွဲ၂နာရီ၁၅မိနစ်တွင် စိမ်းလဲ့ကန်သာ နိုင်ငံတော် ဧည့်ဂေဟာ၌ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ICRC နှင့်လည်းကောင်း၊ ညနေ၃နာရီ၅၅မိနစ်တွင် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့နှင့်လည်းကောင်း တွေ့ဆုံသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းက Mr. Gambari အား မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari အား နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်ဧည့်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။(သတင်းစဉ်)

၂၀၀၈ နွေရာသီ ပေကျင်းအိုလံပစ် အမျိုးသားဘောလုံးပြိုင်ပွဲ လက်ရှိချန်ပီယံ အာဂျင်တီးနားနှင့် နာမည်ကြီးဘရာဇီးတို့ အကြိုဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ယှဉ်ပြိုင်ကစားကြမည်

ဝင်းတင်(ကြေးမုံ)

၂၀၀၈နွေရာသီပေကျင်းအိုလံပစ်အမျိုးသားဘောလုံးပြိုင်ပွဲကို ဩဂုတ် ၇ရက်မှ စတင်ကျင်းပလာခဲ့ရာ ယခုဆိုလျှင် အကြိုဗိုလ်လုပွဲသို့ပင်ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ လက်ရှိချန်ပီယံ အာဂျင်တီးနားရော နာမည်ကြီးဘရာဇီးပါ ချန်ပီယံဖြစ်ရန် ရေပန်းစားခဲ့တဲ့အတိုင်းပင် အကြိုဗိုလ်လုပွဲသို့ တက်လာနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီနှစ်သင်းမှာ တစ်သင်းသာ နောက်ဆုံးဗိုလ်လုပွဲဆီသို့ တက်လှမ်းနိုင်တော့မှာပါ။ တစ်ဖက်က နိုင်ဂျီးရီးယားနဲ့ ဘယ်လ်ဂျီယံတို့ဟာ ခြေညီတဲ့အသင်းတွေပါ။ ဒါကြောင့် ယခုပွဲစဉ်ဟာ အကြိုဗိုလ်လုပွဲဆိုပေမယ့် ဗိုလ်လုပွဲနဲ့မခြား ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲကောင်းတွေဖြစ်လာမှာပါ။

အာဂျင်တီးနား-ဘရာဇီး။ ။ တောင်အမေရိကတိုက်ကတက်လာတဲ့ နှစ်သင်းဆုံတွေခြင်းဖြစ်တာကြောင့် တစ်သင်းအထာကိုတစ်သင်း ကောင်းကောင်းသိပြီးသားတွေပါ။ ဒါပေမယ့် ဒီနှစ်သင်းတွေ့တိုင်း ပြိုင်ဆိုင်မှုက ပြင်းထန်ပြီး အမြဲတမ်းအကြိတ်အနယ်ရှိခဲ့ပါတယ်။ လက်ရှိချန်ပီယံ အာဂျင်တီးနားဟာ အုပ်စုပွဲမှာ အိုင်ဗရီကို့စ်၊ ဩစတြေးလျနဲ့ဆာဘီးယားတို့ကို အနိုင်ယူပြီး ကွာတားဖိုင်နယ်မှာ နယ်သာလန်ကို အချိန်ပိုရောက်မှအနိုင်ရကာ ဒီအဆင့်ကိုတက်လာတာပါ။ အာဂျင်တီးနားမှာ မက်ဆီခြေစွမ်းပြနေပြီး

စာမျက်နှာ ၁၂ ကော်လံ ၅ သို့ ❐

ရွှေတံဆိပ်မှန်းသည့် တရုတ်တန်းကျော်အပြေးသမား လူရွေးပွဲတွင် ဒဏ်ရာရ၍ထွက်သွားရ

ပေကျင်း ဩဂုတ် ၁၈

၂၀၀၈ ပေကျင်း အိုလံပစ် အားကစားပြိုင်ပွဲကို ၄က်သိုက်အားကစားကွင်း၌ယနေ့ဆက်လက်ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွက် ရွှေတံဆိပ်မျှော်မှန်းထားသည့် နာမည်ကြီးတန်းကျော်အပြေးသမား လျူစီယန်သည်လူရွေးပွဲ၌ ဒဏ်ရာရကာ ပြိုင်ပွဲမှ ထွက်သွားခဲ့ရသည်။ လျူပြိုင်ပွဲမှ ထွက်သွားရသဖြင့် ၎င်း၏ နည်းပြဆရာ အပါအဝင် ပရိသတ်အချို့ မျက်ရည်ဖြိုင်ဖြိုင် ကျခဲ့ကြရသည်။

စာမျက်နှာ၉ ကော်လံ၁သို့ ❍

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်ပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုဇယား

၁၈-၈-၂၀၀၈

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၃၉	၁၄	၁၄	၆၇
၂	အမေရိကန်	၂၂	၂၄	၂၆	၇၂
၃	ဗြိတိန်	၁၂	၇	၈	၂၇
၄	ဩစတြေးလျ	၁၁	၁၀	၁၂	၃၃
၅	ဂျာမနီ	၉	၇	၇	၂၃
၆	ရုရှား	၈	၁၃	၁၅	၃၆
၇	တောင်ကိုရီးယား	၈	၉	၆	၂၃
၈	ဂျပန်	၈	၅	၇	၂၀
၉	အီတလီ	၆	၆	၆	၁၈
၁၀	ယူကရိန်း	၅	၃	၈	၁၆